# ပြည်ထောင်စု မြန်မာနိုင်ငံတော်
# ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်
# အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ
## အမိန့်ကြော်ငြာစာ အမှတ် (၃/၂၀၁၀)
## ၁၃၇၁ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်
## (၂၀၁၀ ပြည့်နှစ်၊ မတ်လ ၁၇ ရက်)

[ ပြင်ဆင် : 09.07.2010, 05.01.2012, 28.07.2014, 25.06.2015, 03.10.2019, 05.06.2020 ]

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၉၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ** ဟုခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ရွေးကောက်ပွဲဥပဒေ** ဆိုသည်မှာ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဆိုသည်။

(ခ) **တပ်မတော်သား** ဆိုသည်မှာ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေအရ နိုင်ငံတော်၏ ကြည်း၊ ရေ၊ လေ လက်နက်ကိုင်တပ်များတွင် စစ်မှုထမ်းအဖြစ် အမှုထမ်းနေသူကို ဆိုသည်။

(ဂ) **မဲဆန္ဒနယ်ပြင်ပရောက်ကျောင်းသား** ဆိုသည်မှာ အစိုးရက ဖွင့်လှစ်ထားသော သို့မဟုတ် အသိအမှတ်ပြုထားသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျောင်းများ၊ လူမှုရေးကျောင်းများနှင့် ဂေဟာများတွင်လည်းကောင်း၊ တပ်မတော်ကဖွင့်လှစ်သော တက္ကသိုလ်နှင့် ကျောင်းများတွင်လည်းကောင်း မိမိနှင့် သက်ဆိုင်သော မဲဆန္ဒနယ်၏ ပြင်ပတွင် ပညာသင်ကြားနေသူကို ဆိုသည်။

(ဃ) **မဲဆန္ဒနယ်ပြင်ပရောက်သင်တန်းသား** ဆိုသည်မှာ မိမိနှင့်သက်ဆိုင်သော မဲဆန္ဒနယ်ပြင်ပတွင် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အစိုးရကအသိအမှတ်ပြုထားသော အဖွဲ့အစည်းက ဖွင့်လှစ်သင်ကြားသည့် သင်တန်းတစ်ခုခုသို့ တက်ရောက်လေ့ကျင့် ပညာသင်ကြားနေသူကို ဆိုသည်။

(င) **အချုပ်ခံနေရသူ** ဆိုသည်မှာ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ဖမ်းဆီးချုပ်နှောင်ထားခြင်းခံရသူကို ဆိုသည်။

Myanmar Law Information System (MLIS)

(စ) **ဆေးရုံသို့ တက်ရောက်နေရသော အတွင်းလူနာ** ဆိုသည်မှာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ဖွင့်လှစ်ထားသော သို့မဟုတ် အစိုးရက အသိအမှတ်ပြုထားသော ဆေးရုံတစ်ခုခု၌ အတွင်းလူနာအဖြစ် တက်ရောက်ကုသမှုခံယူနေသူကို ဆိုသည်။

(ဆ) **မဲဆန္ဒနယ်ပြင်ပရောက်အခြားမဲဆန္ဒရှင်များ** ဆိုသည်မှာ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၅ (ခ) နှင့် ပုဒ်မ ၄၅ (ဂ) (ဂ) ပါ မဲဆန္ဒရှင်များမှအပ အခြားဒေသရှိ စီမံကိန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်း တစ်ခုခုတွင် သွားရောက် အလုပ်လုပ်ကိုင်လျက်ရှိကြသော မဲဆန္ဒနယ်ပြင်ပရောက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အခြားမဲဆန္ဒရှင် များနှင့် အကြောင်းအမျိုးမျိုးကြောင့် မဲဆန္ဒနယ်ပြင်ပသို့ ရောက်ရှိနေကြသော မဲဆန္ဒရှင်များကို ဆိုသည်။

(ဇ) **အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများ** ဆိုရာတွင် အောက်ပါပုဂ္ဂိုလ်တို့ ပါဝင်သည်-

(၁) အစိုးရက နိုင်ငံပြင်ပသို့ တာဝန်ပေး စေလွှတ်ထားသော မြန်မာနိုင်ငံ၏ သံရုံး၊ အမြဲတမ်း ကိုယ်စားလှယ်ရုံးနှင့် ကောင်စစ်ဝန်ရုံးအဆင့်ဆင့်၏ သံအဖွဲ့ဝင်များ၊ သံရုံးဝန်ထမ်းများ၊ ယင်းရုံးများတွင် အစိုးရက ပေးအပ်သော တာဝန်ဝတ္တရားများကို ထမ်းဆောင်နေသည့် အခြားပုဂ္ဂိုလ်များ၊ ယင်းတို့အားမှီခိုနေသော ဇနီး၊ ခင်ပွန်း၊ သားသမီးနှင့် အခြားသူများ၊

(၂) အစိုးရက နိုင်ငံပြင်ပသို့ တာဝန်ပေးစေလွှတ်ထားသော ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အစိုးရ၏ တာဝန်ပေးချက်အရ နိုင်ငံပြင်ပတွင် ရောက်ရှိနေသော ဝန်ထမ်းများ၊ ပုဂ္ဂိုလ်များ၊ အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံတကာအဖွဲ့အစည်း တစ်ခုခု၊ နိုင်ငံခြားအစိုးရ၏ ဌာနတစ်ခုခု၊ ပုဂ္ဂလိက လုပ်ငန်းတစ်ခုခုတို့တွင် အလုပ်လုပ်ကိုင်နေသူများ၊ နိုင်ငံခြားပညာသင်ပုဂ္ဂိုလ်များ၊ အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသည့် ပုဂ္ဂိုလ်များ၊ ယင်းတို့အား မှီခိုနေသော ဇနီး၊ ခင်ပွန်း၊ သားသမီးနှင့် အခြားသူများ။

(ဈ) မသန်စွမ်းသူဆိုသည်မှာ ပတ်ဝန်းကျင်၊ မူဝါဒနှင့်စိတ်သဘောထားအမြင်ပိုင်းဆိုင်ရာ အတား အဆီးများကြောင့် လူ့အဖွဲ့အစည်းအတွင်း အများနည်းတူ ပါဝင်လှုပ်ရှားဆောင်ရွက်နိုင်မှုမရှိသည့် ကိုယ် အင်္ဂါမသန်စွမ်းသူ၊ အမြင်အာရုံချို့ယွင်းသူ၊ အပြော/အကြားအာရုံချို့ယွင်းသူနှင့် ဉာဏ်ရည်မသန်စွမ်းသူ များကို ဆိုသည်။

<ပြင်ဆင် 28.07.2014>

## အခန်း (၂)
## မဲဆန္ဒနယ်ကြေညာခြင်း

၃။ (က) ရွေးကောက်ပွဲဥပဒေအရ ကော်မရှင်က သတ်မှတ်ထားသော မဲဆန္ဒနယ်တွင် ပါဝင်သည့် နယ်မြေများစာရင်းကို ရွေးကောက်ပွဲ မကျင်းပမီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲက ထပ်ဆင့်ကြေညာရမည်။

Myanmar Law Information System (MLIS)

(ခ) လွှတ်တော်မဲဆန္ဒနယ် တစ်နယ်တွင် ပါဝင်သော အချို့ဒေသများ၌ ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိလျှင် ထိုဒေသများ၌ ရွေးကောက်ပွဲကျင်းပခြင်းမပြုရန် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၅၀ (ဂ) အရ ကော်မရှင်က ဆုံးဖြတ်ကြေညာရမည်။ ယင်းကြေညာချက်ကို ကြိုတင်၍ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲက ထပ်ဆင့်ကြေညာရမည်။

<ပြင်ဆင် 28.07.2014>

## အခန်း (၃)
## မဲစာရင်းများ ပြုစုခြင်း

၄။ မဲစာရင်းကို ပုံစံ (၁) ဖြင့် ပြုစုရမည်။

၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် သက်ဆိုင်ရာမဲဆန္ဒနယ်ရှိ မဲစာရင်းပြုစုရာတွင်-

(က) ကော်မရှင်ကသတ်မှတ်သော လူဦးရေစာရင်းပုံစံဇယားနှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ပြုစုထားသည့် လူဦးရေစာရင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးက ပြုစုထားသည့် လူဦးရေ (မသန်စွမ်းသူများအပါအဝင်) စာရင်းတို့ကို ရယူ အခြေခံပြီး ပြုစုရမည်။

(ခ) လိုအပ်ပါက လက်ရှိမဲစာရင်းကို အခြေခံရယူ၍ ပြုစုနိုင်သည်။

<ပြင်ဆင် 28.07.2014, 03.10.2019, 05.06.2020>

၆။ သက်ဆိုင်ရာ မဲဆန္ဒနယ်များအတွက် မဲစာရင်းများပြုစုရာ၌ မဲစာရင်းတွင် ပါဝင်ခွင့်ရှိသူများ(မသန်စွမ်းသူများအပါအဝင်)၏ အမည်များကို မြန်မာအက္ခရာဖြင့် ရေးသွင်းရမည်။ ယင်းသို့ ရေးသွင်းရာ၌ တိကျမှုမရှိလျှင် အင်္ဂလိပ် အက္ခရာဖြင့်လည်း ကွင်းစကွင်းပိတ်အတွင်း၌ ရေးသွင်းဖော်ပြနိုင်သည်။

<ပြင်ဆင် 28.07.2014>

၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသည်-

(က) မဲစာရင်းပြုစုရာတွင် ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့၌ အသက် ၁၈ နှစ်ပြည့်ပြီး ရွေးကောက်ပွဲ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင် သော နိုင်ငံသား၊ ဧည့်နိုင်ငံသား နှင့်နိုင်ငံသားပြုခွင့်ရသူတိုင်းကို ထည့်သွင်းပြုစုရမည်။

(ခ) ဆန္ဒမဲပေးခွင့်ရှိသည့် တပ်မတော် ကြည်း၊ ရေ၊ လေတပ်ဖွဲ့ဝင်များနှင့် ယင်းတို့၏ အိမ်ထောင်စုဝင် များအတွက် မဲစာရင်းပြုစုရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(၁) မိမိတို့နှင့် သက်ဆိုင်သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း အခြေစိုက်လျက်ရှိသည့် တပ်ရင်းတပ်ဖွဲ့၊ တပ်ဌာနချုပ်များ၌ နေထိုင်ကြသော တပ်မတော် ကြည်း၊ ရေ၊ လေတပ်ဖွဲ့ဝင်များနှင့် ယင်းတို့အိမ်ထောင်စုဝင်များ၏ အမည်များကို သက်ဆိုင်ရာတပ်မှူး၏

Myanmar Law Information System (MLIS)

အကူအညီဖြင့် ယင်းတို့ တပ်ရင်း တပ်ဖွဲ့၊ တပ်ဌာနချုပ်တည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု မဲစာရင်းတွင် ထည့်သွင်းခြင်း၊

(၂) သက်ဆိုင်ရာ တပ်တွင်း၌ မနေဘဲ တပ်၏ပြင်ပ၌ နေထိုင်ကြသော တပ်မတော် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များ၊ ယင်းတို့နှင့် အတူနေထိုင်ကြသည့် အိမ်ထောင်စုဝင်များ၏ အမည်များကို ယင်းတို့ နေထိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု မဲစာရင်း၌ ထည့်သွင်းခြင်း။

<ပြင်ဆင် 25.06.2015>

၈။ ရွေးကောက်ပွဲ ကျင်းပမည့်နေ့ရက်ကို ကော်မရှင်က ကြေညာပြီးနောက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် မိမိတို့၏ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွက် ပုံစံ (၁) ဖြင့် ပြုစုထားသော မဲစာရင်းများကို ရွေးကောက်ပွဲစတင်မကျင်းပမီ ကော်မရှင်က သတ်မှတ်သည့်အတိုင်း ကြိုတင်၍ ကြေညာရမည်။ ယင်းမဲစာရင်းများကို ကြေညာသည့်အခါ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် လွှတ်တော်မဲစာရင်းနှင့် စပ်လျဉ်းသော ကြော်ငြာစာ ပုံစံ (၂) ကိုပါ တစ်ပါတည်းကြေညာရမည်။

၉။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက မဲစာရင်းများကို ကြေညာပြီးနောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် သက်ဆိုင်ရာမဲစာရင်းတွင် မိမိအမည်ပါဝင်ခြင်း ရှိ မရှိကို လာရောက်ကြည့်ရှုရန် တာဝန်ရှိသည်။ မိမိအမည်ပါဝင်ခြင်းမရှိသေးပါက မဲစာရင်းတွင်ထည့်သွင်းပေးရန် တောင်းဆိုလွှာကို ပုံစံ (၃) ဖြင့် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းနိုင်သည်။ ယင်းသို့ တောင်းဆိုလွှာတင်သွင်းသူများ၏ အမည် စာရင်းကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲက စိစစ်ပြီး ရွေးကောက်ပွဲဥပဒေနှင့်ညီညွတ်လျှင် မဲစာရင်း၌ ဖြည့်စွက်ဖော်ပြရမည်။

<ပြင်ဆင် 28.07.2014>

၁၀။ အနည်းဆုံး ရက်ပေါင်း ၉၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များသည် မိမိတို့ ၏ အမြဲတမ်းနေရပ်သို့ သွားရောက်ပြီး မဲပေးလိုခြင်းမရှိပါက မိမိတို့ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးနိုင်ခွင့်ရရှိစေရန် အတွက် မဲစာရင်းထည့်သွင်းခြင်းကို အောက်ပါနည်းလမ်းအတိုင်း ဆောင်ရွက်ရမည်-

(က) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာနယ်မြေရှိ လုပ်ငန်းတာဝန်ခံ၏ ထောက်ခံချက်ကိုလည်းကောင်း၊ အလုပ်သမားဖြစ်ပါက သက်ဆိုင်ရာလုပ်ငန်းရှင် သို့မဟုတ် လုပ်ငန်းရှင်ကိုယ်စားလှယ်၏ ထောက်ခံချက် ကိုလည်းကောင်း၊ အခြားပုဂ္ဂိုလ်ဖြစ်ပါက ကိုယ်တိုင်ဝန်ခံချက်ကိုလည်းကောင်း ဖော်ပြ၍ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထပ်ဆင့်ထောက်ခံ ချက်ဖြင့် မဲစာရင်း၌ မိမိတို့၏ အမည်ကို ထည့်သွင်းပေးပါရန် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ သို့ ပုံစံ (၃-က) ဖြင့် လျှောက်ထားရမည်။

Myanmar Law Information System (MLIS)

(ခ) နည်းဥပဒေခွဲ (က)အရ လျှောက်ထားသည့်အခါ ယင်းတို့သည် မဲဆန္ဒရှင်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ကိုက်ညီပါက သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲက သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်၍ မဲစာရင်းတွင် အမည်ထည့်သွင်းရမည်။ သတ်မှတ်သည့်ရက်ထက် ကျော်လွန်လျှောက်ထားလာပါက အရေးယူဆောင်ရွက်ခြင်းမပြုရ။

(ဂ) ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် နည်းဥပဒေခွဲ (ခ) အရ မဲစာရင်းတွင် အမည်ထည့်သွင်းခံရသူ၏ အမည်ကို အမြဲတမ်းနေရပ်၏ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရှိ မဲစာရင်းမှ ပယ်ဖျက်နိုင်ရေးအတွက် မိမိ၏မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရမည်။ မြို့နယ်ကော်မရှင် အဖွဲ့ခွဲကလည်း ထိုတင်ပြချက်ကို လိုအပ်သလို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာမဲဆန္ဒရှင်၏ နေရင်း ဒေသရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပုံစံ (၃-ခ) သုံးစောင်ဖြင့် အမြန်ဆုံး ဆက်လက်အကြောင်း ကြားရ မည်။

<ပြင်ဆင် 28.07.2014, 03.10.2019>

၁၁။ (က) မဲစာရင်း၌ အမည်ထည့်သွင်းရန် တောင်းဆိုလွှာကို ပုံစံ (၃) ဖြင့်လည်းကောင်း၊ မဲစာရင်းပါ အမည်နှင့် အခြားအချက်အလက်များအားကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာကို ပုံစံ (၄)ဖြင့်လည်း ကောင်း၊ ပြင်ဆင်ရန်ရှိပါက ပြင်ဆင်လွှာကို ပုံစံ (၄-က) ဖြင့်လည်းကောင်း နည်းဥပဒေ ၈ အရ မဲစာရင်းကို ထုတ်ပြန်ကြေညာပြီးသည့် နေ့မှ ၁၄ ရက်အတွင်း သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းရမည်။

(ခ) မဲစာရင်း၌ အမည်ထည့်သွင်းရန် တောင်းဆိုလွှာတင်သွင်းသော ပုဂ္ဂိုလ်ကလည်းကောင်း၊ ယင်းပုဂ္ဂိုလ်က စာဖြင့် လွှဲအပ်ထားသော ကိုယ်စားလှယ်ကလည်းကောင်း တောင်းဆိုလွှာတွင် လက်မှတ် ရေးထိုး၍ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ကဖြစ်စေ တင်သွင်းရမည်။

(ဂ) မဲစာရင်း၌ အမည်ပါရှိသော ပုဂ္ဂိုလ်တစ်ဦးဦးကိုလည်းကောင်း၊ ထည့်သွင်းထားသော အချက်အလက်ကိုလည်းကောင်း ကန့်ကွက်လိုလျှင်ပုံစံ (၄) သို့မဟုတ် ပြင်ဆင်လိုလျှင် ပုံစံ (၄-က)တွင် ထိုသူနှင့် ပတ်သက် သော မဲစာရင်းပါ အချက်အလက်အားလုံးကို ထည့်သွင်းဖော်ပြရမည်။ သို့ရာတွင် မိမိအမည် ပါဝင်ခြင်း မရှိသော အခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမဲစာရင်း၌ပါရှိသော ပုဂ္ဂိုလ်များကို ကန့်ကွက်ခြင်း မပြုရ။

(ဃ) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသည် နည်းဥပဒေခွဲ (က) တွင် သတ်မှတ်ထားသည့် ကာလအပိုင်းအခြားထက်ကျော်လွန်သော တောင်းဆိုလွှာ သို့မဟုတ် ပြင်ဆင်လွှာ သို့မဟုတ် ကန့်ကွက်လွှာကို လက်ခံခြင်းမပြုရ။

(င) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် တစ်ဦးတစ်ယောက်၏ အမည်ကို မဲစာရင်း၌ ထည့်သွင်းခြင်းမပြုမီ လိုအပ်လျှင် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(၁) ရွေးကောက်ပွဲဥပဒေပုဒ်မ ၆ အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ဟုတ်မဟုတ်စစ်ဆေးခြင်း၊

Myanmar Law Information System (MLIS)

(၂) အသက် ၁၈ နှစ်ပြည့်ကြောင်း နိုင်ငံသားစိစစ်ရေးကတ်ပြားကိုလည်းကောင်း၊ အမျိုးသား မှတ်ပုံတင်ကတ်ပြားကိုလည်းကောင်း၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရလက်မှတ်ကိုလည်း ကောင်း တင်ပြစေခြင်း။

<ပြင်ဆင် 28.07.2014, 25.06.2015>

၁၂။ (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် အထက်ပါ ကိစ္စရပ်တို့နှင့် စပ်လျဉ်းသော တောင်းဆိုလွှာ၊ ပြင်ဆင်လွှာ သို့မဟုတ် ကန့်ကွက်လွှာများကို လက်ခံရန် သို့မဟုတ် ငြင်းပယ်ရန် ဆုံးဖြတ်နိုင်သည်။

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် တောင်းဆိုလွှာ၊ ပြင်ဆင်လွှာ သို့မဟုတ် ကန့်ကွက်လွှာကို လက်ခံလျှင်ဖြစ်စေ၊ ငြင်းပယ်လျှင်ဖြစ်စေ ယင်းသို့ လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ဖြစ်ကြောင်းကို တောင်းဆိုလွှာ၊ ပြင်ဆင်လွှာ သို့မဟုတ် ကန့်ကွက်လွှာ တင်သွင်းသူထံသို့ တောင်းဆိုလွှာ၊ ပြင်ဆင်လွှာ သို့မဟုတ် ကန့်ကွက်လွှာတင်သွင်းသည့်နေ့မှ ခုနစ်ရက်အတွင်း အကြောင်း ကြားစာပေးပို့ရမည်။

(ဂ) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် နည်းဥပဒေခွဲ (ခ) အရ ပေးပို့သည့် အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှစ၍ သုံးရက်အတွင်း သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အယူခံနိုင်သည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် အယူခံ လွှာရရှိသောအခါ အမှုတွဲဖွင့်လှစ်၍ လိုအပ်သည်များစိစစ်ပြီး ဆောလျင်စွာ ဆုံးဖြတ်ချက်ချမှတ် ရမည်။ သက်ဆိုင်ရာမြို့နယ်ကော်မရှင် အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်သည် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၅၃ ပါ ပြဋ္ဌာန်းချက်များမှတစ်ပါး အပြီးအပြတ်ဖြစ်စေရမည်။

(ဃ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။ ယင်းရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် မြို့နယ် ကော်မရှင် အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

(င) မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အယူခံမှုမပြီးပြတ်သေးသော်လည်း မဲစာရင်းတွင် အမည်ပါရှိပြီး ဖြစ်သောသူအား မဲမပေးရဟုတားမြစ်ခြင်းမပြုရ။ ယင်းအခွင့်အရေးအရ ပေးပြီးဖြစ်သော ဆန္ဒမဲသည် လည်း တရားဝင်ဖြစ်စေရမည်။

၁၃။ (က) နည်းဥပဒေ ၈ အရ ထုတ်ပြန်ကြေညာပြီးသော မဲစာရင်းများနှင့် စပ်လျဉ်း၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် မှန်ကန်စုံလင်သော မဲစာရင်းများဖြစ်စေရန် လိုအပ်သော အချက်အလက်များကို ဖြည့်စွက်ခြင်း၊ ကွယ်လွန်သူများ၏ အမည်များနှင့် ရွေးကောက်ပွဲဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်မရှိသူများ၏ အမည်များကို ထုတ်ပယ်ခြင်း၊ သတ်ပုံသတ်ညွှန်းအမှားများနှင့် အရေး အကူးချွတ်ယွင်းသော အမှားများကို ပြင်ဆင်ခြင်းများ ပြုနိုင်သည်။ ယင်းသို့ ပြင်ဆင်ထားသည့် မဲစာရင်းများကို သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရမည်။

(ခ) မြို့နယ် ကော်မရှင်အဖွဲ့ခွဲသည် နည်းဥပဒေခွဲ (က) အရ တင်ပြချက်များအပြင် မဲစာရင်းများ၌ မိမိတွေ့ရှိသည့် အရေးအကူးချွတ်ယွင်းသော အမှားများနှင့် မတော်တဆ အမှားများကို

Myanmar Law Information System (MLIS)

ပြင်ဆင်နိုင်သည်။ ယင်းသို့ ပြင်ဆင်ထားသည့် မဲစာရင်းများကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် ပေးပို့ရမည်။

(ဂ) မဲစာရင်းစောင်ရေကို ကော်မရှင်က ညွှန်ကြားသည့်အတိုင်း ပြုစုရမည်။

၁၄။ နည်းဥပဒေ ၁၁ (ဃ) တွင် မည်သို့ပင် ဆိုထားစေကာမူ-

(က) မဲစာရင်းတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအချို့၏အမည်များသည် အစုအဝေးအလိုက် ကျန်ရစ်ခဲ့ကြောင်းတွေ့ရှိလျှင် ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲက ထိုအမည်များကို ရွေးကောက်ပွဲ မကျင်းပမီ ခုနစ်ရက်ထက်နောက်မကျစေဘဲ နောက်ဆက်တွဲ မဲစာရင်းတွင်ထည့်သွင်းစေရန် ခွင့်ပြုနိုင် သည်။

(ခ) တစ်ဦးတစ်ယောက်၏ အမည်သည် မဲစာရင်းတွင် ပါဝင်ခွင့်မရှိဘဲ ပါဝင်နေကြောင်းတွေ့ရှိလျှင် ထိုအမည်အား မဲစာရင်းမှ ပယ်ဖျက်ခြင်းကို ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့က ဆောင်ရွက်နိုင်သည်။

(ဂ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦး၏ အမည်သည် မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ၏ မဲစာရင်းများတွင် ပါရှိနေပါက မဲဆန္ဒရှင်၏ ဆန္ဒနှင့်အညီ ၎င်းမဲပေးလိုသည့် မဲဆန္ဒနယ်တွင် မဲပေးနိုင်ရန် အတွက် အဆိုပါမဲပေးလိုသည့် မဲဆန္ဒနယ်နှင့် သက်ဆိုင်သည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲက စီစဉ်ဆောင်ရွက်ပေးရမည်။ ထို့နောက် ယင်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ထိုသူ၏ အမည်အား မိမိမဲဆန္ဒနယ်၏ မဲစာရင်းတွင် ထည့်သွင်းပြီးကြောင်းနှင့် အခြားမဲဆန္ဒနယ်များရှိ မဲစာရင်းများတွင် ထိုသူ၏ အမည်ကို ပယ်ဖျက်ပေးရန် အမည်စာရင်း ပါရှိနေသည့် သက်ဆိုင်ရာမြို့နယ်ကော်မရှင် အဖွဲ့ခွဲ အသီးသီးထံသို့ အကြောင်းကြားရမည်။

(ဃ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦး၏ အမည်သည် မဲဆန္ဒနယ်တစ်ခုအတွင်းတွင်ရှိသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု တစ်ခုထက်ပိုသည့် မဲစာရင်းများတွင် ပါရှိနေပါက မဲဆန္ဒရှင်၏ ဆန္ဒနှင့်အညီ ၎င်းမဲပေးလိုသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် မဲပေးနိုင်ရန်အတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ က သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ အကြောင်းကြား စီစဉ်ပေးရ မည်။ ထို့နောက် မိမိမြို့နယ်အတွင်းရှိ အခြားသောရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရှိ မဲစာရင်းများမှ ထိုသူ၏ အမည်ကို ပယ်ဖျက်စေရန် ညွှန်ကြားရမည်။

(င) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးသည် ဒေသတစ်ခုမှ အခြားဒေသတစ်ခုသို့ ပြောင်းရွှေ့သည့်အခါ မဲဆန္ဒနယ်တစ်နယ်၏ မဲစာရင်းမှ အခြားမဲဆန္ဒနယ်တစ်နယ်၏ မဲစာရင်းသို့ အမည်ပြောင်းရွှေ့လိုလျှင် ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေ ၂၆ (၂) နှင့် နည်းဥပဒေ ၂၇ (၁) တို့အရ ထုတ်ပေးသော ပုံစံ (၁၀) သို့မဟုတ် ပုံစံ (၉၀/၁/နသေ) နှင့်အတူ လက်ရှိမဲဆန္ဒနယ်မဲစာရင်း၌ မိမိအမည်ကိုပယ်ဖျက်၍ အခြားမဲဆန္ဒနယ်သို့ ပြောင်းရွှေ့ပေးရန် တောင်းဆိုလွှာ ပုံစံ (၄-က) ဖြင့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့

Myanmar Law Information System (MLIS)

တင်သွင်းရမည်။ ယင်းတင်ပြချက်အတိုင်း မှန်ကန်ကြောင်း တွေ့ရှိလျှင် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲက ခွင့်ပြု၍ ယင်းအမည်ကို မဲစာရင်းမှ ပယ်ဖျက်ပြီးကြောင်း အထောက်အထားဖြစ်သည့် ပုံစံ (၄-ခ) ကို ထိုသူအားပေးရမည်။ ထိုသူသည် မိမိပြောင်းရွှေ့နေထိုင်သည့် မဲဆန္ဒနယ်၏ မဲစာရင်းတွင် မိမိအမည်ကို ထည့်သွင်းပေးပါရန် ပြောင်းရွှေ့ရောက်ရှိသည့်နေရာ၏ အိမ်ထောင်စုဇယားနှင့် ပုံစံ (၄-ခ) တို့ပူးတွဲ၍ တောင်းဆိုလွှာပုံစံ (၃) ကို တင်သွင်းလျှင် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက မဲစာရင်း၌ ထည့်သွင်းပေးရမည်။ ယင်းသို့ ရွှေ့ပြောင်းလာသော မဲဆန္ဒနယ်၌ ထိုသူသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

<ပြင်ဆင် 05.01.2012, 25.06.2015>

၁၅။ (က) မဲစာရင်း၏ စာမျက်နှာတိုင်းတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ နှင့်အတွင်းရေးမှူးတို့က လက်မှတ်ရေးထိုး၍ အတည်ပြုထားသော သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ မဲစာရင်းနှစ်စုံကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။ မြို့နယ်ကော်မရှင် အဖွဲ့ခွဲက မဲဆန္ဒနယ်အလိုက် စုစည်းရမည်။

(ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည်မဲစာရင်းမိတ္တူကို ကူးယူခွင့်ပြုရန် လျှောက်ထားလာပါက-

(၁) လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦးက လျှောက်ထားခြင်းဖြစ်လျှင် မဲစာရင်းမိတ္တူတစ်စုံကို အခမဲ့ကူးယူခွင့်ပြုနိုင်သည်။

(၂) အခြားသူတစ်ဦးဦးကခိုင်လုံသောအကြောင်းပြချက်ဖြင့်လျှောက်ထားခြင်းဖြစ်လျှင် ကော်မရှင်က သတ်မှတ်ထားသည့်နှုန်းအတိုင်း ပေးသွင်းစေ၍ကူးယူခွင့်ပြုနိုင်သည်။

<ပြင်ဆင် 05.01.2012, 28.07.2014, 03.10.2019>

## အခန်း (၄)

## ရွေးကောက်ပွဲဆိုင်ရာ ကြေညာချက်များထုတ်ပြန်ခြင်း

၁၆။ ကော်မရှင်သည် အောက်ပါနေ့ရက်များကို သတ်မှတ်ကြေညာရမည်-

(က) ရွေးကောက်ပွဲ စတင်ကျင်းပမည့်နေ့ရက်၊

(ခ) မဲဆန္ဒနယ်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းရမည့် နောက်ဆုံးနေ့ရက်နှင့်အချိန်၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့် နောက်ဆုံးနေ့ရက်နှင့် အချိန်၊

(ဃ) လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများကို စိစစ်ရန်နေ့ရက်။

၁၇။ ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသည် ကော်မရှင်က နည်းဥပဒေ ၁၆ အရ သတ်မှတ်ကြေညာသည့်နေ့ရက်များကို ဖော်ပြ၍ရွေးကောက်ခံလိုသူများက

Myanmar Law Information System (MLIS)

အမည်စာရင်းတင်သွင်း ကြရန် ပုံစံ (၅) ဖြင့် ကြေညာရမည်။ ယင်းကြေညာချက် မိတ္တူများကို သက်ဆိုင်ရာ မြို့နယ်များတွင် ထပ်ဆင့်ကြေညာစေရမည်။

<ပြင်ဆင် 25.06.2015>

**အခန်း (၅)**

လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်းနှင့် ရွေးကောက်ပွဲကိုယ်စားလှယ် ခန့်ထားခြင်း

၁၈။ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသော (မသန်စွမ်းသူများအပါအဝင်) လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည်-

(က) ရွေးကောက်ပွဲဥပဒေပုဒ်မ ၄(က) အရ သတ်မှတ်ထားသောမဲဆန္ဒနယ်အတွက် ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌထံ ဖြစ်စေ၊ ဥက္ကဋ္ဌက တာဝန်လွှဲအပ်ထားသော အတွင်းရေးမှူးသို့မဟုတ် ဥက္ကဋ္ဌကတာဝန်လွှဲအပ်ထားသော အဖွဲ့ဝင်တစ်ဦးထံ ဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်အမည်စာရင်းတင်သွင်းနိုင်သည်။ ယင်းသို့ တင်သွင်းရာ တွင် ကိုယ်ရေးမှတ်တမ်းနှစ်စောင်ကိုပါ ကော်မရှင်ကသတ်မှတ်ပေးသည့် ပုံစံအတိုင်း ပူးတွဲတင်သွင်းရမည်။ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်တစ်နယ်တွင် ခရိုင်တစ်ခုထက်ပိုမိုပါဝင်နေပါက လွှတ်တော်ကိုယ်စားလှယ် လောင်း အမည်စာရင်းတင်သွင်းရမည့်ခရိုင် ကော်မရှင်အဖွဲ့ခွဲကို ကော်မရှင်က သတ်မှတ်ပေးရမည်။

(ခ) ရွေးကောက်ပွဲတစ်ခုတွင် မဲဆန္ဒနယ်တစ်နယ်ထက်ပို၍ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် တစ်ပြိုင်တည်း အမည်စာရင်းတင်သွင်းခြင်း မပြုရ။

(ဂ) အမည်စာရင်းတင်သွင်းလွှာကို ပုံစံ (၆) မူရင်းနှစ်စောင်ဖြင့် တင်သွင်းရမည်။ယင်းတင်သွင်းလွှာနှင့်အတူ ကော်မရှင်ကသတ်မှတ်ပေးသော ငွေစာရင်းခေါင်းစဉ်သို့ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေ ကျပ်သုံးသိန်းကို မိမိအမည်စာရင်းတင်သွင်းရမည့် ကော်မရှင်အဖွဲ့ခွဲ ရုံးစိုက်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ပေးသွင်းပြီးကြောင်း ချလန်ဖြတ်ပိုင်းမူရင်းကိုလည်းပူးတွဲ တင်ပြရမည်။

<ပြင်ဆင် 05.01.2012, 28.07.2014, 25.06.2015>

၁၉။ (က) လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် အမည်စာရင်းတင်သွင်းရန် သတ်မှတ်ထားသော နောက်ဆုံးနေ့ရက်နှင့် အချိန်မတိုင်မီ သတ်မှတ်ထားသော ရုံးချိန်အတွင်း မိမိကိုယ်တိုင်ဖြစ်စေ၊ အမည်စာရင်း တင်သွင်းလွှာပါ ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ အမည်စာရင်း တင်သွင်း လွှာကို တင်သွင်းရမည်။

(ခ) အမည်စာရင်းတင်သွင်းလွှာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းသည် မြို့နယ်တရားသူကြီး အဆင့်ထက် မနိမ့်သောတရားသူကြီးတစ်ဦးဦး ရှေ့မှောက်၌ လက်မှတ်ရေးထိုးပြီးဖြစ်ရမည်။

Myanmar Law Information System (MLIS)

ထိုတရား သူကြီးကလည်း ကိုယ်စားလှယ်လောင်းသည် မိမိ၏ရှေ့မှောက်တွင် ယင်းသို့ လက်မှတ်ရေးထိုးကြောင်း ထပ်ဆင့်လက်မှတ်ရေးထိုး၍ ရုံးတံဆိပ်ရိုက်နှိပ်ပေးပြီးဖြစ်ရမည်။

(ဂ) ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင် အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသည် သတ်မှတ်ထားသော ကာလကုန်ဆုံးပြီးမှ တင်သွင်းလာ သည့် အမည်စာရင်း တင်သွင်းလွှာကို လက်ခံခြင်းမပြုရ။

(ဃ) ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသည် မိမိတို့ လက်ခံရရှိထားသော အမည်စာရင်း တင်သွင်းလွှာ မိတ္တူတစ်စောင်စီကို မဲဆန္ဒနယ်အလိုက်စုစည်း၍ သတ်မှတ်ထားသည့်နေ့ရက်တွင် စိစစ်ပြီး ရွေးကောက်ပွဲဥပဒေပါ အရည်အချင်းများနှင့် ကိုက်ညီပါက သက်ဆိုင်ရာမဲဆန္ဒနယ်အတွက် လွှတ်တော် ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို ပုံစံ (၁၀) ဖြင့် ကြေညာရမည်။ ထို့နောက် ကြေညာချက် မိတ္တူတစ်စောင်ကို ကော်မရှင်သို့လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း အမြန်ဆုံးနည်းဖြင့် ပေးပို့ရမည်။

<ပြင်ဆင် 25.06.2015>

၂၀။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် မိမိ၏ အမည်စာရင်းတင်သွင်းလွှာပုံစံ (၆) တွင် လိုအပ်ချက်များကို အပြည့်အစုံဖြည့်သွင်းထားခြင်းမရှိလျှင်လည်းကောင်း၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများပြည့်စုံစွာ ပူးတွဲထားခြင်းမရှိလျှင်လည်းကောင်း ယင်းအမည်စာရင်း တင်သွင်းလွှာကို ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲက ငြင်းပယ်ရမည်။

<ပြင်ဆင် 25.06.2015>

၂၁။ ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့် ရဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ သို့မဟုတ် နည်းဥပဒေ ၁၈ (က) အရ ယင်းက တာဝန်လွှဲအပ်ခြင်းခံရသူသည်-

<ပြင်ဆင် 25.06.2015>

(က) အမည်စာရင်းတင်သွင်းလွှာ လက်ခံရရှိပါက ယင်းတင်သွင်းလွှာပေါ်၌ အမှတ်စဉ်ရေးမှတ်ပြီး ရရှိသော နေ့ရက်၊ အချိန်တို့ကို မှတ်တမ်းတင်၍ လက်မှတ်ရေးထိုးရမည်။

(ခ) အမည်စာရင်းတင်သွင်းလွှာ၌ ပါရှိသည့်အတိုင်း လွှတ်တော် ကိုယ်စားလှယ်လောင်းအမည်နှင့်တကွ အချက်အလက်အပြည့်အစုံအပြင် အမည်စာရင်းတင်သွင်းလွှာ စိစစ်ရန်သတ်မှတ်သောနေ့ရက်၊ အချိန်၊ နေရာတို့ကို ဖော်ပြသော ကြေညာချက် ပုံစံ (၆-က) ကို မိမိ၏ ရုံး၌ အများပြည်သူမြင်နိုင်သည့်နေရာတွင် ဆောလျင်စွာ ကပ်ထားရမည်။

<ပြင်ဆင် 25.06.2015>

Myanmar Law Information System (MLIS)

၂၂။ (က) လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် အခြားသူတစ်ဦးအား မိမိ၏ရွေးကောက်ပွဲ ကိုယ်စားလှယ်အဖြစ် ခန့်ထားလိုလျှင် ပုံစံ (၇-က) ဖြင့် ခန့်ထားရမည်။ ယင်းခန့်စာတွင် ခန့်ထားခြင်း ခံရသူက သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။

(ခ) အမည်စာရင်းတင်သွင်းလွှာနှင့်အတူ ခန့်စာနှစ်စောင်ကို ပူးတွဲတင်သွင်းရမည်။ ခန့်စာများပါ ရွေးကောက်ပွဲ ကိုယ်စားလှယ်၏ ဓာတ်ပုံပေါ်၌ ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်ရိုက်နှိပ်၍ တစ်စောင်အား အမည်စာရင်းတင်သွင်းသူသို့ ပြန်လည်ပေးအပ်ရမည်။

(ဂ) ရွေးကောက်ပွဲကိုယ်စားလှယ် နုတ်ထွက်လျှင်ဖြစ်စေ၊ ကွယ်လွန်လျှင်ဖြစ်စေ၊ ရွေးကောက်ပွဲကိုယ်စား လှယ်အဖြစ်မှ ရုပ်သိမ်းခံရလျှင်ဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ ယခင်ထုတ်ပေးထားသော ခန့်စာနှင့်အတူ ရုပ်သိမ်းလွှာ ပုံစံ (၇-ခ)ဖြင့် တင်ပြရမည်။ ထို့နောက် မိမိကိုယ်ကိုလည်းကောင်း၊ အခြားသူတစ်ဦးကိုလည်းကောင်း မိမိ၏ ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် နည်းဥပဒေ ၂၂ နှင့်အညီ ပုံစံ (၇)၊ ပုံစံ (၇-က) တို့ဖြင့် ထပ်မံခန့် ထားရမည်။

(ဃ) လွှတ်တော်ကိုယ်စားလှယ်လောင်း အတည်ပြုပြီးသည့်အခါ လွှတ်တော်ကိုယ်စားလှယ် လောင်းနှင့်ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်တို့ အတွက် စိစစ်ရေးကတ်ပြားများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲကထုတ်ပေးရမည်။

<ပြင်ဆင် 28.07.2014, 25.06.2015>

၂၃။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည်-

(က) မဲရုံအသီးသီးတွင် မိမိကိုယ်စားဆောင်ရွက်ရန် မဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်တစ်ဦးစီ ခန့်ထားနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ ခန့်ထားရာတွင် ပုံစံ (၈) ဖြင့် ခန့်ထားရမည်။

(ဂ) သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ မဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ် အသီးသီး အတွက် ခန့်စာနှစ်စောင်စီကို ဆန္ဒမဲပေးရန် သတ်မှတ်ထားသော နေ့ရက်မတိုင်မီ အနည်းဆုံးခုနစ်ရက် ကြိုတင်၍ ပေးပို့ရမည်။

<ပြင်ဆင် 28.07.2014>

၂၄။ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် နည်းဥပဒေ ၂၃ အရ ခန့်ထားသော မဲရုံကိုယ်စားလှယ် နှင့် အကူကိုယ်စားလှယ်ကို သဘောတူလျှင် ယင်းမဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်တို့၏ ဓာတ်ပုံပေါ်၌ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက တံဆိပ်ရိုက်နှိပ်၍ တစ်စောင်စီကို လွှတ်တော်ကိုယ်စားလှယ်

Myanmar Law Information System (MLIS)

လောင်းထံသို့ ပြန်လည်ပေးအပ်ရမည်။ ယင်းခန့်စာကို မဲရုံကိုယ်စားလှယ်နှင့်အကူကိုယ်စားလှယ်တို့က ရွေးကောက်ပွဲကျင်းပသည့် နေ့တွင်မဲရုံမှူးထံအပ်နှံရမည်။

<ပြင်ဆင် 28.07.2014>

၂၅။ မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ် နုတ်ထွက်လျှင်ဖြစ်စေ၊ ကွယ်လွန်လျှင်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းက ယင်းအားခန့်ထားခြင်းမှ ရုပ်သိမ်းလျှင်ဖြစ်စေ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ပုံစံ (၈-က) ဖြင့် တင်ပြရမည်။ ထို့နောက် နည်းဥပဒေ ၂၃ နှင့်အညီ ပုံစံ (၈) ဖြင့် အခြားသူတစ်ဦးကို မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ်အဖြစ် လွှတ်တော် ကိုယ်စားလှယ်လောင်းက အစားထိုးခန့်ထားနိုင်သည်။

<ပြင်ဆင် 28.07.2014>

**အခန်း(၆)**

**လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာများကို စိစစ်ခြင်း**

၂၆။ အမည်စာရင်း တင်သွင်းလွှာများကို စိစစ်ရန် သတ်မှတ်ထားသည့် နေ့ရက်၊ အချိန်နှင့် နေရာသို့ အောက်ပါပုဂ္ဂိုလ်များ လာရောက်ခွင့်ရှိသည်-

(က) သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊

(ခ) သက်ဆိုင်ရာ ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးက ဤကိစ္စအလို့ငှာ စာဖြင့်တာဝန်လွှဲအပ်ထားသူ၊

(ဃ) ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲကို ကူညီရန်အတွက် ယင်းအဖွဲ့ခွဲက တာဝန်ပေးအပ် ခြင်းခံရသူများ၊

(င) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ။

<ပြင်ဆင် 25.06.2015>

၂၇။ ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသည် အမည်စာရင်းတင်သွင်းလွှာများကို စိစစ် ရာတွင် မိမိကော်မရှင်အဖွဲ့ခွဲကဖြစ်စေ၊ ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၂၅ (ခ) အရ ယှဉ်ပြိုင်ရွေးကောက်ခံ သည့် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦးက လုံလောက်သော အထောက်အထား များ တင်ပြ၍ ကန့်ကွက်သောကြောင့်ဖြစ်စေ အောက်ပါအကြောင်းတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ခိုင်လုံသော အထောက်အထားတွေ့ရှိပါက အမည်စာရင်းတင်သွင်းလွှာကို ပယ်နိုင်သည်-

(က) လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်စာရင်းတင်သွင်းလွှာတွင် ဖော်ပြထားသော အမည် နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် အမျိုးသားမှတ်ပုံတင်ကတ်ပြားအမှတ်တို့သည် သက်ဆိုင်ရာမဲစာရင်းတွင်ပါရှိသောအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် အမျိုးသား မှတ်ပုံတင်ကတ်ပြားအမှတ်တို့နှင့် ကိုက်ညီမှုမရှိခြင်း၊

Myanmar Law Information System (MLIS)

(ခ) အမည်စာရင်းတင်သွင်းလွှာကို လိမ်လည်ပြုလုပ်တင်သွင်းခြင်း၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိသူဖြစ်ခြင်း သို့မဟုတ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အရည်အချင်းများနှင့် ပြည့်စုံသူမဟုတ်ခြင်း၊

**ရှင်းလင်းချက်။** (၁) လွှတ်တော်ကိုယ်စားလှယ်လောင်းသည် စိတ်ပေါ့သွပ်သူ သို့မဟုတ် လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံး၏ ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူဖြစ်ကြောင်း အကြောင်းပြ ချက်ဖြင့် ကန့်ကွက်ခြင်းဖြစ်လျှင် သက်ဆိုင်ရာ တရားရုံး၏ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထား သည့် အမိန့်မိတ္တူမှန်ကို တင်ပြရမည်။ ထိုသို့တင်ပြခြင်းမရှိပါကယင်းကန့်ကွက်ချက်ကို အရေးမယူရ။

(၂) လွှတ်တော်ကိုယ်စားလှယ်လောင်းသည် နိုင်ငံသားမဟုတ်ကြောင်း၊ ယင်းမွေးဖွားချိန်တွင် ယင်း၏ မိဘနှစ်ပါးလုံး သို့မဟုတ် တစ်ပါးပါးသည် နိုင်ငံသားမဟုတ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့် အချိန်နှင့် တစ်ဆက်တည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အနည်း ဆုံး ၁၀ နှစ် နေထိုင်ခဲ့သူမဟုတ်ကြောင်း အကြောင်းပြချက် တစ်ခုခုဖြင့် ကန့်ကွက်ခြင်းဖြစ်လျှင် ခိုင်လုံ သော သက်သေ သို့မဟုတ် အထောက်အထား၊ သက်ဆိုင်ရာဌာန သို့မဟုတ် အဖွဲ့အစည်း၏ မှန်ကန် ကြောင်း လက်မှတ်ရေးထိုးထားသည့် ဆုံးဖြတ်ချက် သို့မဟုတ် မှတ်တမ်းမိတ္တူမှန် တစ်ခုခုကို တင်ပြရ မည်။ ထိုသို့တင်ပြခြင်းမရှိပါက ယင်းကန့်ကွက်ချက်ကို အရေးမယူရ။

(ဃ) အမည်စာရင်းတင်သွင်းရာတွင်လည်းကောင်း၊ ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေပေးသွင်းရာ တွင်လည်းကောင်း ဤနည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

<ပြင်ဆင် 28.07.2014, 25.06.2015>

၂၈။ ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသည် ကန့်ကွက်ချက်ကို စုံစမ်းစစ်ဆေးရာတွင်-

(က) ကန့်ကွက်သူက လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ရွေးကောက်ပွဲကိုယ်စား လှယ်သည် ရွေးကောက်ပွဲဥပဒေ အခန်း (၅) နှင့်အခန်း (၇) ပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသူမဟုတ်ဟု ကန့်ကွက်လျှင် ထိုကန့်ကွက်ချက်နှင့်စပ်လျဉ်း၍ သက်သေအထောက်အထားထင်ရှားအောင် တင်ပြခြင်း မပြုနိုင်ပါက ကန့်ကွက်လွှာကို ပယ်ရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ရွေးကောက်ပွဲဥပဒေ အခန်း(၅) နှင့် ကိုက်ညီသော်လည်း ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်သည် ရွေးကောက်ပွဲဥပဒေ အခန်း(၅) နှင့် အခန်း (၇) ပါ ပြဋ္ဌာန်း ချက်များနှင့် မကိုက်ညီသောကြောင့် ကန့်ကွက်လွှာကို လက်ခံခဲ့ခြင်းဖြစ်လျှင် လွှတ်တော်ကိုယ်စားလှယ် လောင်းသည် ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦး၏ အမည်ကို

Myanmar Law Information System (MLIS)

ပုံစံ (၇-က) ဖြင့်ထပ်မံ တင်သွင်းနိုင်သည် သို့မဟုတ်

ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ်မိမိကိုယ်တိုင် ဆောင်ရွက်မည်ဖြစ် ကြောင်း တင်ပြနိုင်သည်။

<ပြင်ဆင် 25.06.2015>

၂၉။ ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသည် မဲစာရင်း၌လည်းကောင်း၊ အမည်စာရင်း တင်သွင်းလွှာ၌လည်းကောင်းအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် အမျိုးသားမှတ်ပုံ တင်ကတ်ပြားအမှတ်၊ နေရပ်တို့နှင့်စပ်လျဉ်း၍ ဖော်ပြရာ၌ အနည်းငယ်မှားယွင်းခြင်း၊ ချို့ငဲ့ခြင်း၊ ချွတ်ချော်ခြင်းရှိသော်လည်း ယင်းသို့ဖော်ပြချက်မှာ မည်သူမည်ဝါ သို့မဟုတ် မည်သည့်နေရပ်ကို ဆိုလို ကြောင်း အများသိရှိနားလည်နိုင်လျှင် ယင်းသို့မှားယွင်းခြင်း၊ ချို့ငဲ့ခြင်း သို့မဟုတ် ချွတ်ချော်ခြင်း အတွက် အမည်စာရင်းတင်သွင်းလွှာကို မပယ်ရ။ မဲစာရင်း၌ဖြစ်စေ၊ အမည်စာရင်းတင်သွင်းလွှာ၌ဖြစ် စေ ယင်းသို့မှားယွင်းခြင်း၊ ချို့ငဲ့ခြင်း သို့မဟုတ် ချွတ်ချော်ခြင်းကို ပြင်ဆင်ခွင့်ပြုနိုင်သည်။

<ပြင်ဆင် 25.06.2015>

၃၀။ ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသည်-

(က) အမည်စာရင်းတင်သွင်းလွှာ သို့မဟုတ် ကန့်ကွက်လွှာတစ်ခုချင်းအလိုက် အမှုတွဲဖွင့်လှစ်ရမည်။ အမည်စာရင်းတင်သွင်းလွှာ သို့မဟုတ် ကန့်ကွက်လွှာကို လက်ခံလျှင်လက်ခံကြောင်း၊ ပယ်လျှင် ပယ်ကြောင်း အကျိုးအကြောင်းအကျဉ်းချုပ်ဖော်ပြ၍ အမှုတွဲတွင် မှတ်တမ်းတင်ပြီး ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးက လက်မှတ်ရေးထိုးရမည်။

(ခ) သတ်မှတ်ထားသောနေ့တွင် အမည်စာရင်းတင်သွင်းလွှာများ စိစစ်ခြင်းနှင့် စပ်လျဉ်းသော လုပ်ငန်း အားလုံးပြီးပြတ်အောင် ဆောင်ရွက်ရမည်။ သို့ရာတွင် ကန့်ကွက်ချက်ရှိလျှင် ယင်းကန့်ကွက်ချက်အပေါ် စုံစမ်းစစ်ဆေးခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းတို့ကို ခုနစ်ရက်အတွင်း ပြီးပြတ်အောင်ဆောင်ရွက်ရမည်။

<ပြင်ဆင် 25.06.2015>

၃၁။ (က) ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲ၏အမိန့်ကို မကျေနပ်သူသည် ယင်းအမိန့်ချမှတ်သည့် ရက်မှစ၍ ခုနစ်ရက်အတွင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ အယူခံနိုင်သည်။

(ခ) ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင် အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသည် သက်ဆိုင်သူအား အမိန့်ချမှတ်သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း သက်ဆိုင်ရာတိုင်းဒေသကြီး

Myanmar Law Information System (MLIS)

သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ အယူခံနိုင်ကြောင်းပြောကြားပြီး နောက်ထိုသို့ပြောကြားပြီးကြောင်းကို အမှုတွဲတွင် မှတ်တမ်းတင်ထားရမည်။

(ဂ) အယူခံလိုသူအား အယူခံနိုင်ရန်အတွက် ဆုံးဖြတ်ချက်မိတ္တူမှန်တစ်စောင်ကို အမိန့်ချမှတ်သည့်နေ့တွင်အခမဲ့ထုတ်ပေးရမည်။

(ဃ) ယင်းသို့ဆုံးဖြတ်ချက်မိတ္တူမှန်ထုတ်ပေးပြီးနောက် ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ် ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသည် အဆို ပါအမှုတွဲကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ အမြန်ဆုံး ပေးပို့ရမည်။ ယင်းသို့ပေးပို့သော အမှုတွဲကို မိတ္တူပြုစု၍ မိမိရုံးတွင် လက်ခံအဖြစ်သိမ်းဆည်းထားရမည်။

<ပြင်ဆင် 28.07.2014, 25.06.2015>

၃၂။ နည်းဥပဒေ ၃၁ အရ တင်သွင်းသော အယူခံလွှာကို လက်ခံရရှိလျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင် အဖွဲ့ခွဲသည် ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲမှ တင်ပြလာသော အမှုတွဲနှင့် အယူခံလွှာတွင် ဖော်ပြထားသော အကြောင်းပြချက်များကို စိစစ်၍ အယူခံလွှာရရှိသည့်ရက်မှ ခုနစ်ရက်အတွင်း သင့်လျော်သော အမိန့်ကိုချမှတ်ရမည်။ အမိန့်စာမိတ္တူ တစ်စောင်စီကို သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင် အဖွဲ့ခွဲနှင့် အယူခံသူတို့ထံ သုံးရက်အတွင်း အမြန်ဆုံးပေးပို့ရမည်။

<ပြင်ဆင် 25.06.2015>

## အခန်း (၇)

## လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာကို ရုပ်သိမ်းခြင်း

၃၃။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် မိမိအမည်စာရင်းတင်သွင်းလွှာကို မိမိဆန္ဒ အလျောက် ရုပ်သိမ်းလိုလျှင် ကော်မရှင်က သတ်မှတ်ထားသည့်ကာလအတွင်း ရုပ်သိမ်းလွှာကို ပုံစံ (၉) နှစ်စောင်ဖြင့် မိမိကိုယ်တိုင်ဖြစ်စေ၊ ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ ခွဲသို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲထံ တင်ပြရမည်။

<ပြင်ဆင် 25.06.2015>

၃၄။ ယင်းရုပ်သိမ်းလွှာကို ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ်ခရိုင်ကော်မရှင်အဖွဲ့ခွဲက လက်ခံပြီးမိမိ၏ရုံးတွင် အများပြည်သူတွေ့မြင်နိုင်သောနေရာ၌ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်မှ ရုပ်သိမ်းသည့် ကြေညာချက်တစ်စောင်ကို ကပ်ထားရမည်။

<ပြင်ဆင် 25.06.2015>

Myanmar Law Information System (MLIS)

## အခန်း(၈)

## လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာများကို စိစစ်ပြီးနောက် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ

၃၅။ အမည်စာရင်းတင်သွင်းလွှာများကို စိစစ်ပြီးနောက် အမည်စာရင်းတင်သွင်းလွှာရုပ်သိမ်းရန် သတ်မှတ်ထားသော ရက်ကုန်ဆုံးသည်နှင့် ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသည် စိစစ်လက်ခံအတည် ပြုထားသော လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို အက္ခရာစဉ်အလိုက် ပုံစံ (၁၀) ဖြင့် ပြုစု၍ မိမိ၏ရုံးတွင် အများပြည်သူ တွေ့မြင်နိုင်သောနေရာ၌ ကပ်ထားကြေညာရမည်။ မိတ္တူတစ် စောင်စီကို သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲများနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲများသို့ပေးပို့၍ ယင်းတို့၏ ရုံးများတွင် အများပြည်သူတွေ့မြင်နိုင်သော နေရာ၌ ကပ်ထားစေရ မည်။ မိတ္တူတစ်စောင်ကို နည်းဥပဒေ ၁၉ (ဃ) ပါပြဋ္ဌာန်းထားသည့်အတိုင်း ကော်မရှင်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။

<ပြင်ဆင် 25.06.2015>

၃၆။ ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင် အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသည်-

(က) မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းသူ တစ်ဦးတည်းသာရှိလျှင် ယင်းအားလွှတ်တော်ကိုယ်စားလှယ်အဖြစ်ကြေညာနိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ အမြန်ဆုံးတင်ပြရမည်။

(ခ) မဲဆန္ဒနယ်တစ်နယ်တွင်လွှတ်တော် ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းသူတစ်ဦးထက် ပို၍ ရှိခဲ့လျှင် ယင်းလွှတ်တော်ကိုယ်စားလှယ်လောင်းများဖြင့် ရွေးကောက်ပွဲကို ကျင်းပစေရမည်။

(ဂ) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းထုတ်ပြန်ကြေညာပြီးနောက် အမည်စာရင်း တင်သွင်းသူတစ်ဦးသည် ရွေးကောက်ပွဲမကျင်းပမီ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက် တင်မြှောက် ခံပိုင်ခွင့် ဆုံးရှုံးသွားလျှင်ဖြစ်စေ၊ ကွယ်လွန်လျှင်ဖြစ်စေ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၏ အတည်ပြုချက်ဖြင့်ထိုသူ၏အမည်ကို လွှတ်တော်ကိုယ်စား လှယ်လောင်း များ၏ အမည်စာရင်းမှ ပယ်ဖျက်ရမည်။

(ဃ) နည်းဥပဒေခွဲ (ဂ) အရ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်ကို စာရင်းမှပယ်ဖျက်သော်လည်း လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦး ထက်ပို၍ ကျန်ရှိသေးလျှင် ယင်းသို့ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများဖြင့် ရွေးကောက်ပွဲ ကို ကြေညာထားသည့် အစီအစဉ်အတိုင်း ကျင်းပရမည်။ ယင်းရွေးကောက်ပွဲ၌ ခိုင်လုံသော ဆန္ဒမဲအများ ဆုံးရသူကို

Myanmar Law Information System (MLIS)

လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကြေညာနိုင်ရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ အမြန်ဆုံးတင်ပြရမည်။

(င) နည်းဥပဒေခွဲ (ဂ) အရ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းမှ ပယ်ဖျက်သဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသာကျန်ရှိလျှင် ယင်းအား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကြေညာရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ အမြန်ဆုံး တင်ပြရမည်။

<ပြင်ဆင် 25.06.2015>

**အခန်း (၉)**

လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာနှင့်အတူ ပေးသွင်းသော ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း

<ပြင်ဆင် 28.07.2014>

၃၇။ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းထားသူတစ်ဦးသည် အမည်စာရင်းတင်သွင်းလွှာကိုအပယ်ခံရလျှင်ဖြစ်စေ၊ ရွေးကောက်ပွဲစတင်မကျင်းပမီ ကွယ်လွန်လျှင်ဖြစ်စေ၊ အမည်စာရင်း တင်သွင်းထားသူ၏မဲဆန္ဒနယ်တွင် ရွေးကောက်ပွဲရွှေ့ဆိုင်းထားလျှင်ဖြစ်စေ အမည်စာရင်းတင်သွင်းလွှာ နှင့်အတူပေးသွင်းခဲ့သော ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေကို ယင်းအား သို့မဟုတ် ယင်း၏ရွေးကောက်ပွဲ ကိုယ်စားလှယ် သို့မဟုတ် ယင်း၏တရားဝင်ကိုယ်စားလှယ်အား ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင် ကော်မရှင်အဖွဲ့ခွဲက ပုံစံ (၆-ခ) ဖြင့်ပြန်လည်ထုတ်ပေးရမည်။

<ပြင်ဆင် 28.07.2014, 25.06.2015>

၃၈။ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေများနှင့်ပတ်သက်၍ ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ် ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲများက အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) လွှတ်တော်ကိုယ်စားလှယ်အဖြစ်ရွေးကောက်တင်မြှောက်ခြင်းခံရကြောင်း ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်များ၏ ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေကို ယင်းတို့အား သို့မဟုတ် ယင်းတို့၏ရွေးကောက်ပွဲ ကိုယ်စားလှယ်အား ပုံစံ (၆-ဂ) ဖြင့်ပြန်လည်ထုတ်ပေးရမည်။

(ခ) ရွေးကောက်တင်မြှောက်ခြင်းမခံရသော်လည်း ရွေးကောက်ပွဲတွင် ခိုင်လုံသောဆန္ဒမဲရေစုစုပေါင်းရှစ်ပုံတစ်ပုံနှင့် အထက်ရရှိသည့် လွှတ်တော်ကိုယ်စားလှယ် လောင်းများ၏ ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေကိုရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကြေညာပြီးနောက်တွင် ယင်းတို့အား သို့မဟုတ် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်အား ပုံစံ (၆-ဃ) ဖြင့်ပြန်လည် ထုတ်ပေးရမည်။

Myanmar Law Information System (MLIS)

(ဂ) ရွေးကောက်တင်မြှောက်ခြင်းမခံရသည့်အပြင် ခိုင်လုံသောဆန္ဒမဲရာခိုင်နှုန်း ရာခိုင်နှုန်းတစ်ပုံနှင့်အထက်မရရှိသော လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေကိုမူ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

(ဃ) နည်းဥပဒေ ၃၇ နှင့် ၃၈ (က)၊ (ခ) အရ ပြန်လည်ထုတ်ပေးရမည့် ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေကိုအကြောင်းကြားသည့်နေ့မှ ခြောက်လ အတွင်း လာရောက်ထုတ်ယူခြင်းမရှိပါက နိုင်ငံတော်ဘဏ္ဍာသို့ ပေးသွင်းရမည်။

<ပြင်ဆင် 28.07.2014, 25.06.2015>

## အခန်း (၁၀)

## ဆန္ဒမဲပေးခြင်း

၃၉။ (က) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည်-

(၁) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ (မသန်စွမ်းသူများအပါအဝင်) လွယ်ကူစွာ ဆန္ဒမဲပေးနိုင်ရေး၊ သတ်မှတ်ထားသော မဲပေးချိန်အတွင်း မဲဆန္ဒရှင်များအားလုံး မဲပေးနိုင်ရေးနှင့် လျှို့ဝှက်ဆန္ဒပြုနိုင်ရေးတို့ကို ရှေးရှု၍ မဲရုံတစ်ရုံစီ၌ ဆန္ဒမဲပေးရမည့်ဦးရေနှင့် မဲရုံအရေအတွက်ကို လိုအပ်သလို သတ်မှတ်ပေးနိုင်သည်။ မဲရုံတွင် မသန်စွမ်းသူများ အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိရမည်။

(၂) ကော်မရှင်၏ တာဝန်ပေးချက်နှင့်အညီ တပ်မတော်သားများနှင့် ယင်းတို့နှင့်အတူနေထိုင်ကြသည့် အိမ်ထောင်စုဝင်များနေထိုင်ရာ တပ်ရင်းတပ်ဖွဲ့များအတွက် မဲရုံနေရာသတ်မှတ်ရာ၌ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ မဲဆန္ဒရှင်များနှင့်အတူ ဆန္ဒမဲပေးနိုင်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များ၊ အကူကိုယ်စားလှယ်များနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လွတ်လပ်စွာ ဝင်ထွက်သွားလာနိုင်မည့် ထိုတပ်ရင်းတပ်ဖွဲ့၏ ပြင်ပသင့်လျော်သည့်နေရာတွင် သတ်မှတ်ပေးရမည်။

(ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် သာမန်အားဖြင့် မဲရုံတစ်ရုံလျှင် လွှတ်တော်တစ်ရပ်စီနှင့် တိုင်းရင်းသားလူမျိုးရေးရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် တစ်နေရာစီအတွက် မဲပုံးတစ်ပုံးစီထားရှိရမည်။ သို့ရာတွင် မဲဆန္ဒရှင်များလွယ်ကူစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မဲပုံးတစ်ပုံး ထက်ပို၍ ထားရှိခြင်း၊ မဲစာရင်းများကို လွယ်ကူစွာ စိစစ်နိုင်ရေးအတွက် မဲရုံအဖွဲ့ကို တိုးချဲ့ဖွဲ့စည်းခြင်း ပြုနိုင်သည်။

(ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မဲရုံများကို ကြီးကြပ်ကွပ်ကဲရန် သင့်လျော်သော ဝန်ထမ်းများကို မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအဖြစ် ဦးစားပေးအစီအစဉ်အတိုင်း ခန့်အပ်နိုင်သည်။ မဲရုံအဖွဲ့ဝင်များအဖြစ် ဝန်ထမ်းများအပြင်ယင်းမဲရုံမဲစာရင်းတွင် ပါဝင်ပြီးဖြစ်သည့် အများပြည်သူ ယုံကြည်လေးစားခြင်းခံရသောမဲဆန္ဒရှင် သို့မဟုတ် ယင်းမဲဆန္ဒနယ်မြေအတွင်းရှိ

Myanmar Law Information System (MLIS)

ဒေသခံပြည်သူများဖြင့် ကော်မရှင်က သတ်မှတ်ပေးသော ဦးရေအတွင်း ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

(ဃ) မကျန်းမာသောကြောင့်လည်းကောင်း၊ မလွှဲမရှောင်သာသည့်တစ်စုံတစ်ရာသော အကြောင်းကြောင့်လည်းကောင်း မဲရုံမှူးသည် ဆန္ဒမဲပေးသည့်နေ့တွင် တာဝန်မထမ်းဆောင်နိုင်ပါက ဒုတိယမဲရုံမှူး က မဲရုံမှူးတာဝန် ထမ်းဆောင်ရမည်။ ဒုတိယမဲရုံမှူးပါ ပျက်ကွက်မှုရှိခဲ့သော် မဲရုံအဖွဲ့ကို ဖွဲ့စည်းစဉ်က သတ်မှတ်ထားသည့် ဦးစားပေးအစီအစဉ်အတိုင်း ဆင့်ကဲဆင့်ကဲတာဝန် ထမ်းဆောင်ရမည်။ ထို့အတူ လိုအပ်နေသည့် မဲရုံအဖွဲ့ဝင်နေရာ အစားထိုးခန့်ထားခြင်းကိုလည်း နည်းဥပဒေခွဲ (ဂ) ပါ သတ်မှတ်ချက် အတိုင်းဆောင်ရွက်ရမည်။ ယင်းသို့ဆောင်ရွက်ရပါကဆောင်ရွက်ချက်အကျဉ်းချုပ်ကို မြို့နယ်ကော်မရှင် အဖွဲ့ခွဲသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြရမည်။

(င) ရွေးကောက်ပွဲကျင်းပသည့် နေ့ရက်၌ ဆန္ဒမဲပေးရန် နံနက်ခြောက်နာရီမှ ညနေ လေးနာရီအထိ မဲရုံကို ဖွင့်လှစ်ထားရှိရမည်။ သို့ရာတွင် ညနေ လေးနာရီ မတိုင်မီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲ ပေးပြီးပါက မဲရုံကိုပိတ်ရမည်။

(စ) မဲရုံမှူးသည် ဆန္ဒမဲပေးရန် သတ်မှတ်ထားသောအချိန်စေ့ရောက်သောအခါ သာမန်အားဖြင့် မဲရုံကို ပိတ်ရမည်။ သို့ရာတွင် မဲရုံမပိတ်မီ မဲရုံမှူးသည် မိမိမဲရုံပရိဝုဏ်အတွင်း၌ ဆန္ဒမဲပေးရန်ရောက်ရှိနေသော ဆန္ဒမဲမပေးရသေးသည့်သူများ ရှိမရှိစိစစ်၍ ရှိပါကစာရင်းကောက်ယူပြီးလျှင် ထိုသူများအား ဆန္ဒမဲ ပေးချိန်ကျော်လွန်ပြီးဖြစ်စေကာမူ ဆန္ဒမဲပေးခွင့်ပြုရမည်။

(ဆ) ရွေးကောက်ပွဲတွင် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးပြီးသူများမှအပ ဆန္ဒမဲပေးမည့်သူများသည် မဲရုံသို့ ကိုယ်တိုင်လာရောက်၍ ဆန္ဒမဲပေးရမည်။ ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲပေးခြင်းမပြုရ။

(ဇ) ဆန္ဒမပြုမီ အကြောင်းတစ်ခုခုကြောင့် ဆန္ဒမဲလက်မှတ်မတော်တဆပျက်စီးခဲ့ပါက ဆန္ဒမဲလက်မှတ်အသစ် လဲလှယ်ထုတ်ပေးရမည်။ ထိုသို့ ထုတ်ပေးကြောင်းကို မှတ်တမ်းတင်ထားရမည်။

<ပြင်ဆင် 28.07.2014, 03.10.2019>

၄၀။ (က) ရွေးကောက်ပွဲမကျင်းပမီ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသို့ ယင်းတို့နှင့် သက်ဆိုင်သောဆန္ဒမဲလက်မှတ်များကို ပုံစံ (၁၁–က) နှစ်စောင်ဖြင့် ထုတ်ပေးရမည်။ ယင်းပုံစံများတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတို့မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက လက်မှတ်ရေးထိုးပြီး တစ်စောင်ကို မိမိမြို့နယ်ကော်မရှင် အဖွဲ့ခွဲ၏ လက်ခံအဖြစ်သိမ်းဆည်း၍ ကျန်တစ်စောင်ကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲသို့ပေးအပ်ရမည်။

Myanmar Law Information System (MLIS)

(ခ) ရွေးကောက်ပွဲမကျင်းပမီ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် သက်ဆိုင်ရာမဲရုံမှူးများသို့ ယင်းတို့နှင့်သက်ဆိုင်သော ဆန္ဒမဲ လက်မှတ်များကို ပုံစံ (၁၁-ခ) နှစ်စောင်ဖြင့်ထုတ်ပေးရမည်။ ယင်းပုံစံများတွင်ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် သက်ဆိုင်ရာမဲရုံမှူးတို့က လက်မှတ်ရေးထိုးပြီးတစ်စောင်ကို မိမိရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော် မရှင်အဖွဲ့ခွဲ၏ လက်ခံအဖြစ်သိမ်းဆည်း၍ ကျန်တစ်စောင်ကို မဲရုံမှူးများသို့ပေးအပ်ရမည်။

(ဂ) ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ဆန္ဒမဲပေးခြင်းမစတင်မီ မဲရုံမှူးသည် မိမိယူလာသော ဆန္ဒမဲလက်မှတ်များကို မဲရုံအဖွဲ့ဝင်များ၏ ရှေ့မှောက် တွင် ရေတွက်၍ ပုံစံ (၁၁) ဖြင့်မှတ်တမ်းတင်ထား ရမည်။ ထို့နောက်မဲပုံးအလွတ်များကို မဲရုံ၌ရှိသော မဲရုံအဖွဲ့ဝင်များနှင့် မဲရုံကိုယ်စားလှယ် များအပါ အဝင် မဲရုံ၌ရှိသူများအား ပြသပြီးမဲပုံးအားသတ်မှတ်ညွှန်ကြားထားသည့်အတိုင်း လုံခြုံစွာပိတ်၍ မဲရုံအတွင်း မဲရုံမှူးမြင်နိုင်သောနေရာ၌ ထားရှိရမည်။

<ပြင်ဆင် 28.07.2014>

၄၁။ (က) မဲရုံမှူး သို့မဟုတ် ယင်းက တာဝန်ပေးအပ်ထားသောမဲရုံအဖွဲ့ဝင်သည် ဆန္ဒမဲလက်မှတ်ကို ဆန္ဒမဲပေးသူအားထုတ်မပေးမီ မဲစာရင်းပါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ၏ အမည်နှင့် မဲစာရင်းအမှတ်တို့ မှန်ကန်ပါက မဲစာရင်းတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအား လက်မှတ်ရေးထိုးခြင်း သို့မဟုတ် လက်ဝဲလက်မ လက်ဗွေနှိပ်ခြင်းပြုစေပြီးနောက် ဆန္ဒမဲလက်မှတ်ကို ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအား ထုတ်ပေးရမည်။

(ခ) ဆန္ဒမဲလက်မှတ်ကိုရရှိလျှင် ဆန္ဒမဲပေးသူသည် လျှို့ဝှက်ဆန္ဒပြုခန်းအတွင်းသို့ဝင်၍ ဆန္ဒမဲလက်မှတ် ပေါ်တွင်မိမိမဲပေးလိုသောလွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့်သင်္ကေတအမှတ်အသား တည့်တည့်တွင်ရှိသော လေးထောင့်အကွက်အတွင်း၌ အမှန် (√ ) အမှတ်အသားပါရှိသည့် တံဆိပ်တုံးကိုနှိပ်၍ ဆန္ဒပြုရမည်။ ထို့နောက် မိမိ ဆန္ဒပြုထားသည်ကို သူတစ်ပါးမမြင်နိုင်စေရန် ဆန္ဒမဲလက်မှတ်ကိုခေါက်၍ သတ်မှတ်ထားသည့် မဲပုံးအတွင်းသို့ထည့်ရမည်။ မဲပုံးထဲသို့ထည့်ရမည့်ဆန္ဒမဲလက်မှတ်တွင်မဲရုံမှူး၏ လက်မှတ်နှင့် ဆန္ဒမဲ လက်မှတ်ပါလေးထောင့်အကွက်အတွင်း၌ မဲဆန္ဒရှင်ဆန္ဒပြုထားသော အမှတ်အသားတို့မှတစ်ပါး အခြား မည်သည့် အမှတ်အသားမျှ မပါဝင်စေရ။

(ဂ) မဲပေးပြီးသူတိုင်းကို နောက်တစ်ကြိမ်ဆန္ဒမဲပေးနိုင်ခြင်းမရှိစေရန် သတ်မှတ်ညွှန်ကြားထား သည့်အတိုင်းမင်တို့သည့်စနစ်ကို ကျင့်သုံးရမည်။

<ပြင်ဆင် 28.07.2014>

၄၂။ (က) ဆန္ဒမဲပေးသူ သည်ဆန္ဒမဲလက်မှတ်ရှိအမည်များကို မဖတ်တတ်လျှင်လည်းကောင်း၊ ညွှန်ကြားထားသည့်အတိုင်းဆန္ဒမဲ မပေးတတ်လျှင် လည်းကောင်း သက်ဆိုင်ရာမဲစာရင်း၌ ပါ ရှိသောမဲဆန္ဒရှင်၏ ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ ညီအစ်ကိုမောင်နှမအရင်းတစ်ဦးဦးသည် ဆန္ဒမဲပေးသူက ညွှန်ကြားသည့်အတိုင်း သတ်မှတ်ထားသည့်နေရာတွင် ဆန္ဒမဲလက်မှတ်၌

Myanmar Law Information System (MLIS)

လျှို့ဝှက်ဆန္ဒ ပြုရမည်။ ယင်းပုဂ္ဂိုလ်များမရှိခဲ့လျှင် မဲရုံမှူးသည် ယင်းပုဂ္ဂိုလ်များကိုယ်စား ဆောင်ရွက်ပေးရမည်။ ထို့နောက်ဆန္ဒမဲပေးသူအား ထိုဆန္ဒမဲလက်မှတ်ကိုခေါက်၍ မဲပုံးထဲသို့ ကိုယ်တိုင်ထည့်စေရမည်။

(ခ) ဆန္ဒမဲပေးသူသည် မသန်စွမ်းသူဖြစ်လျှင် သက်ဆိုင်ရာမဲစာရင်း၌ ပါရှိသောမဲဆန္ဒရှင်၏ ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ ညီအစ်ကို မောင်နှမအရင်း တစ်ဦးဦး သို့မဟုတ် မသန်စွမ်းသူကိုယ်တိုင် စိတ်ကြိုက်ရွေးချယ်သောသူတစ်ဦး၏ အကူအညီဖြင့် ဆန္ဒမဲပေးခြင်းကိုလည်း ခွင့်ပြုရမည်။

<ပြင်ဆင် 28.07.2014>

၄၃။ မဲရုံသို့လာရောက်ဆန္ဒမဲပေးသူသည် ကျန်းမာသန်စွမ်းခြင်းမရှိသောကြောင့် မိမိဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်ကို မဲပုံးထဲသို့ထည့်နိုင်စွမ်းမရှိလျှင် မဲရုံအဖွဲ့ဝင်များသည် ထိုသူအားဆန္ဒမဲထည့်နိုင်စေရန် ကူညီရမည်။

၄၄။ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၅ (က)၊ (ခ)၊ (ဂ) နှင့် နည်းဥပဒေ ၅၄ (ဃ)၊ (ဆ) တို့ပါ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများသည် ဤနည်းဥပဒေများနှင့်အညီ အောက်ပါနည်းလမ်းအတိုင်း ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်သည်-

(က) ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၅ (ခ)၊ (ဂ) နှင့် နည်းဥပဒေ ၅၄ (ဃ) တို့ပါ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ကြိုတင်ဆန္ဒမဲလက်မှတ်၌ ဆန္ဒပြုရာတွင် နည်းဥပဒေ ၄၁ (ခ) ပါအတိုင်း တံဆိပ်တုံးနှိပ်၍ ဆန္ဒပြုရမည်။

(ခ) ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၅ (က) ပါ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ပြည်တွင်းရှိ တပ်မတော်သားများ၊ ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံသို့ တက်ရောက်ကု သနေသူများနှင့် ရွေးကောက်ပွဲနည်းဥပဒေ ၅၄ (ဆ) ပါ အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသော ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ဤနည်းဥပဒေအရ ကြိုတင်ဆန္ဒမဲပေးရာ၌ လွယ်ကူချောမွေ့စေရန်အတွက် ကြိုတင်ဆန္ဒမဲလက်မှတ်ပေါ်တွင် မိမိမဲပေးလိုသော လွှတ်တော်ကိုယ်စား လှယ်လောင်း၏ အမည်နှင့်သင်္ကေတအမှတ်အသား တည့်တည့်တွင်ရှိသည့် လေးထောင့်ကွက် အတွင်း၌ အမှန် (♠) အမှတ်အသားပါရှိသည့် တံဆိပ်တုံးရိုက်နှိပ်၍ ဆန္ဒပြုမည့်အစား အမှန် (♠) အမှတ်အသား ရေး ခြစ်၍ ဆန္ဒပြုရမည်။

<ပြင်ဆင် 28.07.2014, 25.06.2015>

၄၅။ (က) ဆန္ဒမဲပေးရန် သတ်မှတ်ထားသောနေ့ရက်၌ သတ်မှတ်ထားသောနေရာတွင် သဘာဝဘေး အန္တရာယ်ကြောင့်လည်းကောင်း၊ လုံခြုံရေးအခြေအနေအရလည်းကောင်း မဲဆန္ဒရှင်များ ဆန္ဒမဲပေးခြင်း မပြုနိုင်ပါက မဲရုံမှူးသည် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ချက်ချင်းအကြောင်းကြားရမည်။

(ခ) ဆန္ဒမဲပေးခိုက်တွင် ဆန္ဒမဲပေးခြင်းကိုရပ်ဆိုင်းရခြင်းဖြစ်လျှင် မဲရုံမှူးသည် မဲပုံးကိုမိမိချိပ်တံဆိပ်ခတ်နှိပ်၍ပိတ်ရမည်။ မဲရုံကိုယ်စားလှယ်များ၏ ချိပ်တံဆိပ်ခတ်နှိပ်ခြင်းကိုလည်းခွင့်ပြုရမည်။ ယင်းမဲပုံး ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ မဲရုံကိုယ်စားလှယ် သို့မဟုတ်

Myanmar Law Information System (MLIS)

အကူကိုယ်စားလှယ်များအနက် လိုက်ပါနိုင် သူတို့နှင့်အတူ သယ်ဆောင်ရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ရောက်ရှိသည့်အခါ မဲရုံမှူးသည် မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့်ဆန္ဒမဲရေတွက်သည့်နေရာတွင်ရောက်ရှိနေသော လွှတ်တော်ကိုယ်စားလှယ်လောင်း များ သို့မဟုတ် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့်မဲရုံကိုယ်စားလှယ်များ သို့မဟုတ် အကူကိုယ်စားလှယ်များရှေ့မှောက်တွင် မဲပုံးကိုဖွင့်၍ ဆန္ဒမဲများကို ရေတွက်ရမည်။ ယင်းသို့ရေတွက်ရရှိသော ဆန္ဒမဲအရေအတွက်ကိုပုံစံ (၁၆) တွင် ရေးသွင်းပြီး လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် မဲရုံကိုယ်စားလှယ်များ သို့မဟုတ် အကူကိုယ်စားလှယ် များက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။ လက်မှတ်ရေးထိုးရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်သာ ဖြစ်စေရမည်။

(ဂ) နည်းဥပဒေခွဲ (က) အရ သတ်မှတ်ထားသောနေ့ရက်၊ သတ်မှတ်ထားသောနေရာ၌ မဲဆန္ဒရှင်များ ဆန္ဒမဲပေးခြင်းမပြုနိုင်သည့်အခါတွင်ဖြစ်စေ၊ နည်းဥပဒေခွဲ (ခ) အရ ဆန္ဒမဲပေးခြင်းကို ရပ်ဆိုင်းရသည့် အခါတွင်ဖြစ်စေ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ဆန္ဒမဲပေးခြင်းမပြုနိုင်သည့်အကြောင်းရင်း၊ ရပ်ဆိုင်းရသည့်အကြောင်းရင်း၊ မည်သည့်နေ့ရက်တွင် ဆန္ဒမဲပေးခြင်းကို ကျင်းပပေးသင့်ကြောင်း၊ ယင်းသို့ဆန္ဒမဲပေးခြင်းကို ဆက်လက်ပြီးဆန္ဒမဲပေးစေရန် သို့မဟုတ် အသစ်တစ်ဖန်ဆန္ဒမဲပေးစေရန် သင့်ကြောင်းကို ကော်မရှင်သို့အစီရင်ခံရမည်။ အစီရင်ခံစာမိတ္တူတစ်စောင်စီကို ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ပေးပို့ရမည်။

(ဃ) ကော်မရှင်သည် အစီရင်ခံစာကိုရရှိသည့်အခါ ဆက်လက်ပြီး ဆန္ဒမဲပေးစေရန် သို့မဟုတ် အသစ်တစ်ဖန် ဆန္ဒမဲပေးစေရန် သို့မဟုတ် ဆန္ဒမဲပေးခြင်းကို ထပ်မံမပြုလုပ်ရန် ညွှန်ကြားနိုင်သည်။

<ပြင်ဆင် 28.07.2014, 25.06.2015>

၄၆။ နည်းဥပဒေ ၄၅ (ခ) အရ ဆန္ဒမဲပေးခြင်းကို ရပ်ဆိုင်းရာတွင်−

(က) လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက်ကို ပုံစံ (၁၆) ဖြင့် ရေးသွင်း၍ ကြေညာခြင်းမပြုဘဲ ဆိုင်းငံ့ထားရမည်။

(ခ) ဆန္ဒမဲပေးခြင်းကို ရပ်ဆိုင်းထားသော မဲရုံအတွက် ရွေးကောက်ပွဲကို ထပ်မံကျင်းပရန်မလိုဟု နည်းဥပဒေ ၄၅ (ဃ) အရ ကော်မရှင်က ဆုံးဖြတ်ပါက နည်းဥပဒေ ၄၅ (ခ) အရ ပုံစံ (၁၆) တွင် ရေးသွင်းထားသည့် ဆန္ဒမဲများကို ကြေညာရမည်။

(ဂ) ဆန္ဒမဲပေးခြင်းကို ရပ်ဆိုင်းထားသော မဲရုံအတွက် ရွေးကောက်ပွဲကို ထပ်မံကျင်းပပေးရန် လိုအပ်သည်ဟု နည်းဥပဒေ ၄၅ (ဃ) အရ ကော်မရှင်က ဆုံးဖြတ်ညွှန်ကြားပါက နည်းဥပဒေ ၄၅ (ခ) အရ ပုံစံ (၁၆) ဖြင့်ရေးသွင်းထားသော ဆန္ဒမဲများကို ကြေညာခြင်းမပြုသေးဘဲ

Myanmar Law Information System (MLIS)

ယင်းမဲရုံမှဆန္ဒမဲမပေးရသေးသူ များ အတွက် နောက်တစ်ကြိမ်ပြုလုပ်သည့် ရွေးကောက်ပွဲမှရရှိသည့် ဆန္ဒမဲများဖြင့် စုစည်းရေတွက်ပြီးမှ ကြေညာရမည်။

၄၇။ (က) ရွေးကောက်ပွဲကျင်းပရာတွင် မဲရုံရှိမဲပုံးကို မတရားသည့်နည်းဖြင့် ယူဆောင်သွားလျှင် သို့မဟုတ် မတော်တဆဖြစ်စေ၊ တမင်ဖြစ်စေ ပြုလုပ်ခြင်းဖြင့် မဲပုံးအတွင်းရှိ ဆန္ဒမဲလက်မှတ်များ ချွတ်ယွင်းပျက်စီးပျောက်ဆုံးလျှင် မဲရုံမှူးသည် ထိုမဲရုံ၌ ဆန္ဒမဲပေးခြင်းကိုရပ်ဆိုင်း၍ ထိုမဲရုံ၏ ဆန္ဒမဲပေးခြင်း ပျက်ပြယ်သည်ဟုသတ်မှတ်ရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ မဲရုံတစ်ရုံ၌ ဆန္ဒမဲပေးခြင်းပျက်ပြယ်လျှင် လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီး၏ အခြားမဲရုံများမှရရှိသော ဆန္ဒမဲများကို စုစည်းပြီး ကြေညာခြင်းမပြုသေးဘဲ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲက မည်သည့်နေ့ရက်အချိန်တွင် မည်သည့်နေရာ၌ ထိုမဲရုံအတွက် ဆန္ဒမဲအသစ်ပေးခြင်းကို ပြုလုပ်မည်ဖြစ်ကြောင်း သတ်မှတ်ကြေညာရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ အသစ်ထပ်မံကျင်းပသော ရွေးကောက်ပွဲ၌ အဆိုပါမဲရုံမှရရှိသည့် ဆန္ဒမဲများကို အခြားမဲရုံများမှ ရရှိပြီးသောဆန္ဒမဲများနှင့် စုစည်း၍ကြေညာရမည်။

(ဃ) နည်းဥပဒေခွဲ (က) အရ ဆန္ဒမဲပေးခြင်း ပျက်ပြယ်ခဲ့သောမဲရုံ၌ ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသဖြင့် ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၀ (ဂ) အရ ရွေးကောက်ပွဲထပ်မံမပြုလုပ်ရန် ကော်မရှင်က ဆုံးဖြတ်ပါက ယင်းမဲရုံ၏ ဆန္ဒမဲများကိုချန်လှပ်၍ အခြားမဲရုံများမှ ရရှိပြီးသော ဆန္ဒမဲများကိုသာ စုစည်း ၍ကြေညာရမည်။

၄၈။ (က) မဲရုံမှူးသည် မဲရုံ၌ငြိမ်ဝပ်ပိပြားမှုရှိစေရန်လည်းကောင်း၊ ရွေးကောက်ပွဲကို တရားမျှတစွာဖြစ်စေရန်လည်းကောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအား မဲရုံအတွင်းသို့စည်းကမ်းတကျ ဝင်ခွင့်ပေးရန်လည်းကောင်း စီမံဆောင်ရွက်ရမည်။

(ခ) ဆန္ဒမဲစတင်ပေးသည့် အချိန်မှဆန္ဒမဲပေးခြင်းပြီးဆုံးသည့်အချိန်အတွင်း မဲရုံထဲသို့အောက်ပါပုဂ္ဂိုလ်များမှတစ်ပါးအခြားမည်သူမျှမဝင်ရ-

(၁) မဲရုံအဖွဲ့ဝင်များ၊

(၂) ဆန္ဒမဲပေးမည့်သူများ၊

(၃) တာဝန်ကျရဲတပ်ဖွဲ့ဝင်များ သို့မဟုတ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက လုံခြုံ ရေးတာဝန်ပေးအပ်ခံရသူများ၊

(၄) နည်းဥပဒေ ၄၂ အရ ခွင့်ပြုထားသူများ၊

(၅) ကော်မရှင်နှင့်သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲဝင်များ၊

(၆) သက်ဆိုင်ရာမဲဆန္ဒနယ်အတွက် ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်း များ၊ ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များနှင့်အကူကိုယ်စားလှယ်များ။

(၇) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ခွင့်ပြုထားသည့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ။

Myanmar Law Information System (MLIS)

<ပြင်ဆင် 28.07.2014, 03.10.2019>

၄၉။ တစ်ဦးတစ်ယောက်သောသူသည် မဲရုံတွင်မဖွယ်မရာသောအမှုကိုပြုလျှင် သို့မဟုတ် မဲရုံမှူးက တာဝန်အရညွှန်ကြားခြင်းကို မနာခံလျှင် ယင်းသို့မဖွယ်မရာပြုသူ သို့မဟုတ် နာခံခြင်းမရှိသူအား မဲရုံမှူး ၏အမိန့်ဖြင့်လည်းကောင်း၊ တာဝန်ကျရဲတပ်ဖွဲ့ဝင် သို့မဟုတ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မ ရှင်အဖွဲ့ခွဲ၏ လုံခြုံရေးတာဝန်ပေးအပ်ခံရသူကလည်းကောင်း၊ မဲရုံအဖွဲ့ဝင်တစ်ဦးကလည်းကောင်း မဲရုံမှ ချက်ချင်းဖယ်ရှားရမည်။

၅၀။ (က) ရွေးကောက်ပွဲတွင် သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲပေးခွင့် လာရောက်တောင်းဆိုကြောင်း မဲရုံမှူး သို့မဟုတ် မဲရုံအဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် တာဝန်ကျရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်တစ်ဦးဦးက သိရှိလျှင် ထိုအယောင်ဆောင်သူအား ဆန္ဒမဲပေးခွင့်မပြုရ။

(ခ) မဲရုံမှူးသည် ယင်းသို့ဆန္ဒမဲပေးခွင့်မရသူနှင့်ပတ်သက်၍ ထိုသူ၏အမည်၊ နေရပ်တို့ကိုရေးမှတ်ပြီး နောက်ဆန္ဒမဲပေးခွင့်မပြုခြင်းအတွက် အကြောင်းပြချက်များကိုအကျဉ်းချုပ် ရေးသားထားပြီး ရွေးကောက်ပွဲဥပဒေနှင့်အညီ အရေးယူနိုင်ရန်ဆောင်ရွက်ရမည်။

(ဂ) မဲစာရင်း၌ အမည် သို့မဟုတ် နေရပ်နှင့်စပ်လျဉ်းသည့် ဖော်ပြချက်တွင် အနည်းငယ်မှားယွင်းခြင်း၊ ချို့ငဲ့ခြင်း၊ ချွတ်ချော်ခြင်းရှိသော်လည်း ထိုဖော်ပြချက်နှင့်သက်ဆိုင်သူသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အမှန် ဖြစ်ကြောင်း တာဝန်ခံ၍ ပြောဆိုနိုင်သူရှိလျှင် မဲစာရင်းတွင်ပါရှိသော မှားယွင်းချက်၊ ချို့ငဲ့ချက်၊ ချွတ်ချော် ချက်ကို ပြင်ဆင်ရေးမှတ်၍ ထိုသူကိုဆန္ဒမဲပေးခွင့်ပြုရမည်။ ယင်းသို့ ပြင်ဆင်ခွင့်ပြုသည့် အခါတိုင်း မဲရုံ မှူးသည် ပုံစံ (၁၂) ဖြင့် အကျိုးအကြောင်းအကျဉ်းချုပ်ကို ရေးသားမှတ်တမ်းတင်ထားရမည်။

၅၁။ (က) ရွေးကောက်ပွဲကျင်းပသောနေ့ရက်၌ မိမိနှင့်သက်ဆိုင်သည့် မဲဆန္ဒနယ်၏ ပြင်ပသို့ခရီးဝေး သွားရန် ရှိသူတစ်ဦးသည် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲထံ ကြိုတင်၍ ဆန္ဒမဲပေးနိုင်သည်။ ယင်းသို့မဲဆန္ဒနယ်၏ပြင်ပသို့ ခရီးဝေးသွားရန်ရှိ ကြောင်းခိုင်လုံသောအထောက်အထားတင်ပြရမည်။

(ခ) ရွေးကောက်ပွဲကျင်းပသောနေ့ရက်၌ မဲဆန္ဒနယ်အတွင်းတွင်ရှိသော်လည်းမဲရုံသို့ ကိုယ်တိုင် လာရောက်ဆန္ဒမဲမပေးနိုင်သော–

(၁) အသက်အရွယ်ကြီးရင့်သူ၊ အနာကြီးရောဂါစွဲကပ်နေသူ၊ နေအိမ်တွင် ရောဂါဝေဒနာပြင်းထန်စွာခံ စားနေရသူနှင့်နေအိမ်တွင် မီးဖွားနေသူများရှိပါက သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော် မရှင်အဖွဲ့ခွဲက ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ မိမိအဖွဲ့ဝင်နှစ်ဦးကိုစေလွှတ်၍ သက်ဆိုင်ရာမဲဆန္ဒ ရှင်များအားရွေးကောက်မှုဆိုင်ရာအခွင့်အရေးအရ ဆန္ဒမဲပေးလိုက ပေးနိုင်ကြောင်းနှင့် ဆန္ဒမဲမပေးလိုက ဆန္ဒမဲ ပေးခြင်းမပြုဘဲနေနိုင်ကြောင်းကို ရှင်းပြရမည်။ သက်ဆိုင်ရာမဲဆန္ဒရှင်က ဆန္ဒမဲပေးလိုကြောင်း ပြောပါကကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရန်စီစဉ်ဆောင်ရွက်ပေးရမည်။ ယင်းသို့ဆန္ဒမဲပေးပိုင် ခွင့်ရှိသူကိုယ်တိုင်

Myanmar Law Information System (MLIS)

ကြိုတင်ဆန္ဒမဲလက်မှတ်တွင်ရေးသွင်းရန် အခက်အခဲရှိလျှင် မဲစာရင်းတွင်ပါရှိသော ယင်းပုဂ္ဂိုလ်၏ ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ ညီအစ်ကိုမောင်နှမတစ်ဦးဦးက ဆန္ဒမဲပေးပိုင်ခွင့် ရှိသူ၏ဆန္ဒအတိုင်း ယင်း၏ရှေ့မှောက်တွင် ရေးသွင်းရမည်။
ထိုသို့ကူညီမည့်သူမရှိလျှင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်တစ်ဦးဦးက ယင်းပုဂ္ဂိုလ်၏ရှေ့မှောက်တွင် ယင်းပုဂ္ဂိုလ်ကညွှန်ကြားသည့်အတိုင်း ရေးသွင်းရ မည်။

(၂) မသန်စွမ်းသူဖြစ်လျှင် ဤနည်းဥပဒေပါ နည်းလမ်းအတိုင်း ဆောင်ရွက်ပြီး သက်ဆိုင်ရာမဲစာရင်း၌ ပါရှိသော မဲဆန္ဒရှင်၏ ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ ညီအစ်ကိုမောင်နှမအရင်းတစ်ဦးဦး သို့မဟုတ် မသန်စွမ်းသူကိုယ်တိုင်စိတ်ကြိုက်ရွေးချယ်သောသူတစ်ဦး၏ အကူအညီဖြင့် ဆန္ဒမဲပေးခြင်း ကိုလည်း ခွင့်ပြုရမည်။

(၃) အချုပ်ခံနေရသူနှင့်ပတ်သက်လျှင် ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းအကြီးအမှူးကို သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲကဆက်သွယ်ပြီး အချုပ်ခံနေရသူများ ဆန္ဒမဲပေးနိုင်ရန် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ မိမိအဖွဲ့ဝင်နှစ်ဦးကို စေလွှတ်၍ကြီးကြပ်ဆောင် ရွက်ပေးရမည်။ ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်း အကြီးအမှူးသည်ဤနည်းဥပဒေပါနည်းလမ်း အတိုင်းဆောင်ရွက်၍ ယင်းအချုပ်ခံနေရသူများ ဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်ပါစာအိတ်များကို သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်နှစ်ဦးသို့ ပြန်လည်ပေးအပ်ရမည်။

(၄) ဆေးရုံသို့တက်ရောက်နေရသော အတွင်းလူနာနှင့်ပတ်သက်လျှင်ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ် စုကော်မရှင်အဖွဲ့ခွဲသည် ဆေးရုံတာဝန်ခံနှင့် ဆက်သွယ်ပြီးဆေးရုံတက်ရောက်နေရသော အတွင်းလူနာ များဆန္ဒမဲပေးနိုင်ရန် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ မိမိအဖွဲ့ဝင်နှစ်ဦးကို စေလွှတ်၍ကြီးကြပ် ဆောင်ရွက်ပေးရမည်။ ဆေးရုံတာဝန်ခံသည် ဤနည်းဥပဒေပါ နည်းလမ်းအတိုင်းဆောင်ရွက်၍ ဆေးရုံရှိသက် ဆိုင်ရာအတွင်းလူနာများ၏ ဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်ပါစာအိတ်များကို သက်ဆိုင် ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်နှစ်ဦးသို့ ပြန်လည်ပေးအပ်ရမည်။

(၅) နည်းဥပဒေခွဲငယ် (၃) နှင့် (၄) ပါကိစ္စရပ်များအတွက် ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်း အကြီးအမှူး သို့မဟုတ် ဆေးရုံတာဝန်ခံတို့သည် ဤနည်းဥပဒေခွဲပါ မဲဆန္ဒရှင်များအား ယင်းတို့၏ရွေး ကောက်မှုဆိုင်ရာ အခွင့်အရေးအရ ဆန္ဒမဲပေးလိုက ပေးနိုင်ပြီး ဆန္ဒမဲမပေးလိုက ဆန္ဒမဲပေးခြင်းမပြုဘဲ နေနိုင်ကြောင်း ဦးစွာရှင်းပြရမည်။ သက်ဆိုင်ရာမဲဆန္ဒရှင်များက ဆန္ဒမဲပေးလိုကြောင်းပြောပါက ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးရမည်။

Myanmar Law Information System (MLIS)

(ဖ) နည်းဥပဒေခွဲငယ် (၁)၊ (၂)၊ (၃) နှင့် (၄) တို့ပါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ကြိုတင်ဆန္ဒမဲပေးခြင်းကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်နှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတို့သည် ကြိုတင်ဆန္ဒမဲပေးသူ၏ လျှို့ဝှက်ဆန္ဒပြုခြင်းကိုမထိခိုက်စေဘဲ လိုက်ပါကြည့်ရှုနိုင်သည်။

(ဂ) ရွေးကောက်ပွဲကျင်းပသောနေ့၌ မဲစာရင်းပါရှိရာဒေသမှကျော်လွန်၍ သွားရောက်တာဝန်ထမ်းဆောင်ရသောဝန်ထမ်း သို့မဟုတ် တပ်မတော်သား သို့မဟုတ် ရဲတပ်ဖွဲ့ဝင်များက ကြိုတင်ဆန္ဒမဲပေးလို ပါကကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရန် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက စီစဉ်ပေးရမည်။

(ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ကော်မရှင်ကသတ်မှတ်ပေးသော နေ့ရက်နှင့် အချိန်အတွင်း၌သာ ကြိုတင် ဆန္ဒမဲပေးခြင်းကို ဆောင်ရွက်ပေးရမည်။ ဆန္ဒပြုပြီးသော ကြိုတင်ဆန္ဒမဲလက်မှတ်ပါစာအိတ်များထည့်သွင်းရန်မဲပုံးများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် မဲရုံကိုယ်စားလှယ်အပါအဝင်ရောက်ရှိနေသူများအား ပြသပြီးချိပ်ပိတ်ရမည်။

(င) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ကြိုတင်ဆန္ဒမဲပေးသူများ၏ အမည်စာရင်းကို ယင်းတို့နှင့်သက်ဆိုင်သော မဲစာရင်းများနှင့်ယှဉ်တွဲပြီး ရေးမှတ်ထားရမည်။ ယင်းတို့က ဆန္ဒပြုပြီးသော ကြိုတင်ဆန္ဒမဲလက်မှတ်များပါရှိသည့် စာအိတ်များကို မဲရုံအလိုက်ချိပ်ပိတ်ထားသည့် သက်ဆိုင်ရာမဲပုံးများအတွင်းသို့ သက်သေများရှေ့တွင် ထည့်သွင်း၍ လုံခြုံစွာသိမ်းဆည်းထားရမည်။

(စ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင်နေထိုင်သော အသက်အရွယ်ကြီးရင့်သူ၊ အနာကြီးရောဂါစွဲကပ်နေသူ၊ နေအိမ်တွင်ရောဂါဝေဒနာ ပြင်းထန်စွာ ခံစားနေရသူ၊ နေအိမ်တွင်မီးဖွားနေသူများ၊ မသန်စွမ်း သူများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံသို့တက်ရောက်နေရသော အတွင်းလူနာများ ၏ ဆန္ဒပြုထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များပါရှိသည့် စာအိတ်များကိုလည်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးရှိ ကြိုတင်ဆန္ဒမဲများသိမ်းဆည်းထားသည့် သက်ဆိုင်ရာမဲပုံးအသီးသီးတွင်ထည့်၍ သိမ်းဆည်းရမည်။

(ဆ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင်မဲရုံမဖွင့်မီ ဆန္ဒပြုပြီးသောကြိုတင်ဆန္ဒမဲ လက်မှတ်များပါရှိသည့် ချိပ်ပိတ်ထားသောမဲပုံးအသီးသီးကိုသက် ဆိုင်ရာမဲရုံများသို့ သယ်ဆောင်သွားပြီး မဲရုံမှူးထံ အပ်နှံရမည်။ ဤသို့အပ်နှံရာ တွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ သို့မဟုတ်အတွင်းရေးမှူးလက်မှတ်ရေးထိုးထားသည့်ပုံစံ (၁၃) လေးစောင်နှင့်အတူ ဆန္ဒမဲလက်မှတ်လက်ခံဖြတ်ပိုင်းများလည်းတစ်ပါတည်းပါရှိစေရမည်။ ယင်းပုံစံ (၁၃) များတွင်မဲရုံမှူးကလက်မှတ်ရေးထိုး၍ တစ်စောင်ကို သိမ်းဆည်းထားပြီး တစ်စောင်ကို မိမိမဲရုံတွင် ကပ်ထားရမည်။ ကျန်နှစ်စောင်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ပြန်လည်

Myanmar Law Information System (MLIS)

ပေးအပ်ရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် တစ်စောင်ကိုသိမ်းဆည်းထားပြီး တစ်စောင်ကို မိမိ၏ရုံးတွင် ကပ်ထားရမည်။

(ဇ) နည်းဥပဒေခွဲ (က) (ဂ) (ဃ) (င) (စ) နှင့် (ဆ) တို့ပါ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်နှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတို့သည် ကြိုတင်ဆန္ဒမဲပေးသူ၏ လျှို့ဝှက်ဆန္ဒပြုခြင်းကို မထိခိုက်စေဘဲ လိုက်ပါကြည့်ရှုနိုင်သည်။

<ပြင်ဆင် 28.07.2014, 03.10.2019>

၅၂။ သက်ဆိုင်ရာမဲရုံမှူးသည် ပုံစံ (၁၃) ပါကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးပြီးသူများ၏ အမည်များကို သက်ဆိုင်ရာမဲစာရင်းတွင် ကြိုတင်ဆန္ဒမဲပေးပြီးကြောင်း မှတ်သားထားရမည်။

၅၃။ (က) ဆန္ဒမဲလက်မှတ်ကိုတောင်းဆိုသူသည် သူတစ်ပါးအယောင်ဆောင်သော ပြစ်မှုကိုကျူးလွန်သူဖြစ်ကြောင်းလွှတ်တော်ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ၊ မဲရုံမှူးက သင့်လျော်သည်ဟု ထင်မြင်သူကဖြစ်စေ ကန့်ကွက်လာလျှင် မဲရုံမှူးသည် ကန့်ကွက်မဲစာရင်း ပုံစံ (၁၄) တွင် လိုအပ်သည်များဖြည့်စွက်၍ ထိုဆန္ဒမဲလက်မှတ်တောင်းဆိုသူကို လက်မှတ်ရေးထိုးစေရ မည်။ ကန့်ကွက်သူများကိုလည်း လက်မှတ်ရေးထိုးစေရမည်။ စာမရေးတတ်လျှင် လက်ဝဲလက်မလက်ဗွေ နှိပ်စေရမည်။ ဆန္ဒမဲလက်မှတ်တောင်းဆိုသူက ပုံစံ (၁၄) တွင်ဖြည့်စွက်ခြင်း၊ လက်မှတ်ရေးထိုးခြင်း မပြု လျှင် ထိုသူအားဆန္ဒမဲပေးခွင့်မပြုရ။

(ခ) မဲရုံမှူးသည် ဆန္ဒမဲပေးခွင့်ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ ထိုအကြောင်းအရာများနှင့် မိမိ၏ ဆုံးဖြတ်ချက်တို့ကို ကန့်ကွက်မဲစာရင်းပုံစံ (၁၄) တွင်ရေးမှတ်ထားရမည်။

## အခန်း (၁၁)

## မဲဆန္ဒနယ် ပြင်ပရောက်ရှိနေသူများ ကြိုတင်ဆန္ဒမဲပေးခြင်း

၅၄။ ရွေးကောက်ပွဲတွင် သက်ဆိုင်ရာမဲဆန္ဒနယ်၏ ပြင်ပတွင်ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်-

(က) တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၊

(ခ) မဲဆန္ဒနယ်ပြင်ပရောက်ကျောင်းသားများ၊

(ဂ) မဲဆန္ဒနယ်ပြင်ပရောက် သင်တန်းသားများ၊

(ဃ) မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များ၊

(င) အချုပ်ခံနေရသူများ၊

(စ) ဆေးရုံသို့ တက်ရောက်နေရသော အတွင်းလူနာများ၊

(ဆ) အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများ။

Myanmar Law Information System (MLIS)

၅၅။ သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက် ပြည်တွင်း၌ရှိနေသူများသည်လည်းကောင်း၊ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပသို့ရောက်ရှိနေသူများသည်လည်းကောင်း ရွေးကောက်ပွဲတွင် မိမိတို့၏ဆန္ဒမဲပေးပိုင် ခွင့်ကို အပြည့်အဝကျင့်သုံးနိုင်စေရန် ကော်မရှင်နှင့်သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့် အညီစီစဉ်ဆောင်ရွက်ပေးရမည်။

၅၆။ (က) ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက်မဲဆန္ဒရှင်များအတွက် ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍-

(၁) ရွေးကောက်ပွဲကျင်းပမည့်နေ့ရက် သို့မဟုတ် နေ့ရက်များ ကိုကြေညာပြီးလျှင်ပြီးချင်း နည်းဥပဒေ ၅၄ (ခ)၊ (ဂ)၊ (င) နှင့် (စ) ပါကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသော မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများနှင့် ဆေးရုံသို့တက် ရောက်နေရသော အတွင်းလူနာများ ဆန္ဒမဲပေးပိုင်ခွင့်ကို ကျင့်သုံးနိုင်စေရန်အတွက် သက်ဆိုင်ရာဌာနအကြီးအမှူးများသည်ပုံစံ (၁၅) များကို မိမိတို့ဌာနတည်ရှိရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲများထံမှတောင်းယူပြီး မိမိဌာနရှိ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများထံ ဖြန့်ဖြူးပေးပို့ရမည်။ သက်ဆိုင်ရာဌာနအကြီးအမှူးကမိမိတို့ဌာနရှိ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများထံသို့ ပုံစံ (၁၅) များ ဖြန့်ဖြူးသည့်အခါ ယင်းပုံစံများကို မိမိထံသို့ မည်သည့်နေ့ရက်အရောက် ဖြည့်စွက်ပေးပို့ရမည်ဖြစ်ကြောင်း တစ်ပါတည်း အကြောင်းကြားရမည်။

(၂) ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် လက်ခံရရှိသော ပုံစံ (၁၅) များတွင် ဖြည့်သွင်း၍ သက်ဆိုင်ရာဌာနအကြီးအမှူးထံသို့ ပြန်လည်ပေးပို့ရမည်။ သက်ဆိုင်ရာ ဌာနအကြီးအမှူးသည် ယင်းပုံစံများကိုစိစစ်၍ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများထံသို့ အမြန်ဆုံး ပေးပို့ရမည်။

(၃) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် လက်ခံရရှိသော ပုံစံ (၁၅) များကို သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲထံ ဆက်လက်ပေးပို့ရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသည် ယင်းပုံစံများကို ပုံစံ (၁) နှင့် တိုက်ဆိုင်စိစစ်၍ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးရမည့် သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ စာရင်းကို ပုံစံ (၁-၁) ဖြင့် သီးခြားရေးမှတ်ထားရမည်။ ပုံစံ (၁) တွင်ပါရှိသော ယင်းတို့၏ အမည်အောက်တွင် မင်နီသား၍ ကြိုတင်ဆန္ဒမဲပေးမည့်သူများဖြစ်ကြောင်း မှတ်သားရမည်။ ရေးမှတ်ထားသည့် ပုံစံ (၁-၁) မိတ္တူ တစ်စောင်ကို မိမိတို့ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင်ကပ်ထားပြီး မိတ္တူနှစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ယင်းပုံစံ (၁-၁) တစ်စောင်ကို လက်ခံအဖြစ် သိမ်းဆည်းထားပြီး ကျန်တစ်စောင်ကို မိမိရုံးတွင် ကပ်ထားရမည်။

Myanmar Law Information System (MLIS)

(၄) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မိမိမြို့နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ မဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၏အမည်စာရင်းရရှိရေးအတွက် သက်ဆိုင်ရာ တပ်မှူးထံမှစာဖြင့် တောင်းယူရမည်။ ထိုစာရင်းများရရှိသည့်အခါ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ဆက်လက်ပေးပို့ရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲသည် ယင်းစာရင်းများကို ပုံစံ (၁) နှင့် တိုက်ဆိုင်စိစစ်၍ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးရမည့် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၏ စာရင်းကို ပုံစံ (၁-၂) ဖြင့် သီးခြားရေးမှတ်ထားရမည်။ ရေးမှတ်ထားသည့် ပုံစံ (၁-၂) မိတ္တူတစ်စောင်ကို မိမိတို့ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးတွင် ကပ်ထားပြီး မိတ္တူနှစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ယင်းပုံစံ (၁-၂) တစ်စောင်ကို လက်ခံအဖြစ် သိမ်းဆည်းထားပြီး ကျန်တစ်စောင်ကို မိမိရုံးတွင် ကပ်ထားရမည်။

(ခ) သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသည် နည်းဥပဒေ ၅၄ (ဃ) ပါမဲဆန္ဒနယ်ပြင်ပရောက် အခြား မဲဆန္ဒရှင်များအားငင်းတို့ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ် လောင်းကို ဆန္ဒမဲပေးနိုင်ခွင့်ရရှိစေရန် အောက်ပါအတိုင်း ဆောင်ရွက်ပေးရမည်-

(၁) မဲစာရင်းထည့်သွင်းခြင်းကို နည်းဥပဒေ ၁၀ ပါအတိုင်း ဆောင်ရွက်ရမည်။

(၂) ရွေးကောက်ပွဲမကျင်းပမီ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲကျင်းပ သည့်နေ့တွင် သက်ဆိုင်ရာမဲရုံသို့ ကိုယ်တိုင်သွားရောက်၍ ဆန္ဒမဲပေးခြင်းဖြင့်သော်လည်းကောင်း ဆန္ဒမဲ ပေးခွင့်ပြုရမည်။

<ပြင်ဆင် 05.01.2012, 28.07.2014, 03.10.2019, 05.06.2020>

၅၇။ နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများအနက် ဆန္ဒမဲပေးခွင့်ရှိသူများအတွက် ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍-

(က) (၁) ကော်မရှင်သည် ရွေးကောက်ပွဲများကျင်းပမည့်နေ့ရက် သို့မဟုတ် နေ့ရက်များကိုမကြေညာမီ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင်ရောက်ရှိသူများအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများထံ ဖြန့်ဖြူးနိုင် ရန်အတွက် ပုံစံ (၁၅) များကို နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ကြိုတင်ပေးပို့ရမည်။ နိုင်ငံခြားရေးဝန်ကြီးဌာ နသည်ယင်းပုံစံများကို အချိန်မီဖြန့်ဖြူးနိုင်ရန်အတွက် သက်ဆိုင်ရာသံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံး နှင့်ကောင်စစ်ဝန်ရုံးများထံသို့ ဆက်လက်ပေးပို့ရမည်။

(၂) အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင်ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ကော်မရှင် ကရွေးကောက်ပွဲကျင်းပမည့်နေ့ရက် သို့မဟုတ် နေ့ရက်များကိုကြေညာပြီးလျှင်ပြီးချင်း မိမိတို့၏ဆန္ဒမဲပေးပိုင်ခွင့်ကို အပြည့်အဝကျင့်သုံးနိုင်ရန်အတွက် သက်ဆိုင်ရာသံရုံး၊ အမြဲတမ်းကိုယ်စား လှယ်ရုံးနှင့် ကောင်စစ်ဝန်ရုံးများတွင် ပုံစံ (၁၅)များကိုတောင်းခံနိုင်သည်။ သက်ဆိုင်ရာသံရုံးအကြီး အမှူး၊ အမြဲတမ်း ကိုယ်စားလှယ်ရုံးအကြီးအမှူး သို့မဟုတ်

Myanmar Law Information System (MLIS)

ကောင်စစ်ဝန်ရုံးအကြီးအမှူးသည် အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင်ရောက်ရှိနေသူများအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများထံသို့ ယင်းပုံစံ (၁၅) များကို ဖြန့်ဖြူး သည့်အခါမိမိထံသို့ မည်သည့်နေ့ရက်အရောက်ဖြည့်စွက်ပေးပို့ရမည် ဖြစ်ကြောင်းကိုပါ တစ်ပါတည်းအကြောင်းကြားရမည်။

(ခ) အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင်ရောက်ရှိနေသူများအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် လက်ခံရရှိသောပုံစံများတွင်ဖြည့်သွင်း၍ သက်ဆိုင်ရာသံရုံးအကြီးအမှူး၊ အမြဲတမ်းကိုယ်စားလှယ်ရုံး အကြီးအမှူး သို့မဟုတ် ကောင်စစ်ဝန်ရုံးအကြီးအမှူးထံသို့ ပြန်လည်ပေးပို့ရမည်။ သက်ဆိုင်ရာသံရုံး အကြီးအမှူး၊ အမြဲတမ်းကိုယ်စားလှယ်ရုံးအကြီးအမှူး သို့မဟုတ် ကောင်စစ်ဝန်ရုံးအကြီးအမှူးသည် ယင်းပုံစံများကိုစိစစ်၍ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့ရမည်။ နိုင်ငံခြားရေးဝန်ကြီးဌာန သည် ယင်းသို့ ပြန်လည်ပေးပို့သည့်ပုံစံများကို ကော်မရှင်သို့လွှဲအပ်ရမည်။ ကော်မရှင်သည် ယင်းပုံစံများ ကိုစိစစ်၍ သက်ဆိုင်ရာမြို့နယ်ကော်မရှင် အဖွဲ့ခွဲများထံသို့ ပေးပို့ရမည်။

(ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် လက်ခံရရှိသောပုံစံများကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ဆက်လက်ပေးပို့ရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ယင်းပုံစံများကို ပုံစံ (၁) နှင့် တိုက်ဆိုင်စိစစ်၍ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးရမည့် သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ စာရင်းကို ပုံစံ (၁-၃) ဖြင့် သီးခြားရေးမှတ်ထားရမည်။ ပုံစံ (၁) တွင်ပါရှိသော ယင်းတို့၏ အမည်အောက်တွင် မင်နီသား၍ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ စာရင်းကို ပုံစံ (၁-၃) ဖြင့် သီးခြားရေးမှတ်ထားရမည်။ ပုံစံ (၁) တွင်ပါရှိသော ယင်းတို့၏ အမည်အောက်တွင် မင်နီသား၍ ကြိုတင်ဆန္ဒမဲပေးမည့်သူများဖြစ်ကြောင်း မှတ်သားရမည်။ ရေးမှတ်ထားသည့် ပုံစံ (၁-၃) မိတ္တူတစ်စောင်ကို မိမိတို့ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးတွင် ကပ်ထားပြီး မိတ္တူနှစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ယင်းပုံစံ (၁-၃) တစ်စောင်ကို လက်ခံအဖြစ် သိမ်းဆည်းထားပြီး ကျန်တစ်စောင်ကို မိမိရုံးတွင် ကပ်ထားရမည်။

<ပြင်ဆင် 28.07.2014, 03.10.2019>

၅၈။ (က) လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ကြေညာပြီးသည့်အခါ သက်ဆိုင်ရာမြို့နယ် ကော်မရှင်အဖွဲ့ခွဲသည် မိမိနှင့်သက်ဆိုင်သော မဲဆန္ဒနယ်များမှကြိုတင်၍ ဆန္ဒမဲပေးရမည့်သူများ၏ စာရင်းအရ ကြိုတင်ဆန္ဒမဲလက်မှတ်များကို ပေးပို့ရာတွင်အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(၁) ပြည်တွင်းရှိသက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့်ပတ်သက်၍ ကြိုတင် ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာဌာနအကြီးအမှူး သို့မဟုတ် သက်ဆိုင်ရာတပ်မှူးထံသို့ ပေးပို့ရ မည်။

(၂) အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင်ရောက်ရှိနေသူများအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ပတ်သက်၍ ကြိုတင်ဆန္ဒမဲလက်မှတ်များကို ကော်မရှင်သို့ပေးပို့ရမည်။

Myanmar Law Information System (MLIS)

(ခ) ကော်မရှင်သည် နည်းဥပဒေခွဲ (က) (၂) အရ လက်ခံရရှိသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ရမည်။ နိုင်ငံခြားရေးဝန်ကြီးဌာနသည် ယင်းကြိုတင်ဆန္ဒမဲလက်မှတ် များကို သက်ဆိုင်ရာသံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံးနှင့် ကောင်စစ်ဝန်ရုံးအသီးသီးသို့ပေးပို့ရမည်။

(ဂ) နည်းဥပဒေခွဲ (က) အရ ကြိုတင်ဆန္ဒမဲလက်မှတ်များကို ပေးပို့သည့်အခါ သက်ဆိုင်ရာမြို့နယ် ကော်မရှင်အဖွဲ့ခွဲသည် ကြိုတင်ဆန္ဒမဲလက်မှတ်များ၏ လက်ခံဖြတ်ပိုင်းပေါ်တွင်လည်းကောင်း၊ ကြိုတင် ဆန္ဒမဲလက်မှတ်၏ကျောဘက်တွင်လည်းကောင်း မိမိကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်ကိုရိုက်နှိပ်ပေးရမည်။ ထို့ပြင် ကြိုတင်ဆန္ဒမဲလက်မှတ်၏ကျောဘက်တွင် ကြိုတင်ဆန္ဒမဲလက်မှတ်ကို တာဝန်ခံထုတ်ပေးသူကအမည်ဖော်ပြ၍ လက်မှတ်ရေးထိုးရမည်။ ယင်းသို့ ကြိုတင်ဆန္ဒမဲလက်မှတ်များကိုပေးပို့သည့်အခါ ယင်းမဲဆန္ဒနယ်မှ ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏အမည်စာရင်းကိုလည်းကောင်း၊ သက်ဆိုင်ရာမဲဆန္ဒနယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အမည်နှင့်မဲရုံအမှတ်များဖော်ပြထားသည့် စာအိတ်များကိုလည်းကောင်း ကြိုတင်ဆန္ဒမဲလက်မှတ် အရေအတွက်ရှိသရွေ့ တစ်ပါတည်း ပေးပို့ရမည်။

<ပြင်ဆင် 28.07.2014>

၅၉။ (က) ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့် စာအိတ်များကိုလက်ခံရရှိသောအခါ သက်ဆိုင်ရာဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများကို ယင်းဆန္ဒမဲလက်မှတ်နှင့် စာအိတ်များဖြင့် လျှို့ဝှက်ဆန္ဒမဲပေးနိုင်ရန် သက်ဆိုင်ရာ ဌာနအကြီးအမှူး သို့မဟုတ် တပ်မှူး သို့မဟုတ် သံရုံးအကြီးအမှူး သို့မဟုတ် အမြဲတမ်းကိုယ်စားလှယ် ရုံးအကြီးအမှူး သို့မဟုတ် ကောင်စစ်ဝန်ရုံး အကြီးအမှူးက စီစဉ်ပေးရမည်။

(ခ) ဤအခန်းပါတာဝန်ဝတ္တရားများကို ဆောင်ရွက်ရသည့် ဌာနဆိုင်ရာအကြီးအမှူး သို့မဟုတ် တပ်မှူး သို့မဟုတ် သံရုံးအကြီးအမှူး သို့မဟုတ် အမြဲတမ်းကိုယ်စားလှယ်ရုံး အကြီးအမှူး သို့မဟုတ် ကောင်စစ် ဝန်ရုံးအကြီးအမှူးသည် မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိကိုယ်စား တာဝန်လွှဲအပ်ထားသည့်ဝန်ထမ်းကဖြစ်စေ သက်ဆိုင်ရာမဲဆန္ဒရှင်များအား ယင်းတို့၏ ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးဖြစ်သည့် ဆန္ဒမဲပေးလိုက ပေးနိုင်ကြောင်းနှင့် ဆန္ဒမဲမပေးလိုက ဆန္ဒမဲပေးခြင်းမပြုဘဲ နေနိုင်ကြောင်းကို ရှင်းပြပြီးမှ ဆန္ဒမဲပေး လိုသူများအတွက်ကိုသာ ရွေးကောက်ပွဲဥပဒေ၊နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ ဆန္ဒမဲပေး နိုင်ရန် စီစဉ်ဆောင်ရွက်ပေးရမည်။

၆၀။ (က) မဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၊ ဝန်ထမ်း အဖွဲ့ဝင်များနှင့် ပတ်သက်၍ ကြိုတင်ဆန္ဒမဲလက်မှတ်များကို လက်ခံရရှိသောအခါ အောက်ပါနည်းလမ်း များအတိုင်း ဆောင်ရွက်ရမည်-

Myanmar Law Information System (MLIS)

(၁) မဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများနှင့် ယင်းတို့နှင့်အတူနေ အိမ်ထောင်စုဝင်များအတွက်ဖြစ်လျှင် ကော်မရှင်ကသတ်မှတ်ပေးသော နေ့ရက်နှင့်အချိန်ကာလအတွင်း၌သာ သက်ဆိုင်ရာတပ်ဖွဲ့၌ တာဝန်အရှိဆုံးပုဂ္ဂိုလ်က စီစဉ်ပေးသည့်နေရာ၌ ယင်းတပ်မတော်သားများနှင့်အတူနေ အိမ်ထောင်စုဝင်များက ကြိုတင်ဆန္ဒမဲလက်မှတ်များတွင် မိမိတို့ဆန္ဒပြုလိုသည့်အတိုင်းရေးသွင်းကာ ယင်းကြိုတင်ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာစာအိတ်အသီးသီး၌ ထည့်သွင်း၍ လုံခြုံစွာပိတ်ပြီး ထိုတာဝန်အရှိဆုံး ပုဂ္ဂိုလ်ထံသို့ ချက်ချင်းပြန်လည်ပေးအပ်ရမည်။ ထိုတာဝန်အရှိဆုံးပုဂ္ဂိုလ်သည် ယင်းကြိုတင်ဆန္ဒမဲ လက်မှတ်ပါရှိသည့် စာအိတ်များကို စုစည်းပြီးသည့်အခါ သက်ဆိုင်ရာတပ်မှူးထံသို့ ပြန်လည်ပေးပို့ရမည်။

(၂) မဲဆန္ဒနယ်ပြင်ပရောက် ဝန်ထမ်းအဖွဲ့ဝင်များအတွက်ဖြစ်လျှင် သက်ဆိုင်ရာအဖွဲ့၏ တာဝန်အရှိဆုံး ပုဂ္ဂိုလ်ကစီစဉ်ပေးသည့်နေရာ၌ ယင်းအဖွဲ့ဝင်များက ကြိုတင်ဆန္ဒမဲလက်မှတ်များတွင် မိမိတို့ဆန္ဒပြု လိုသည့်အတိုင်းရေးသွင်းကာ ယင်းကြိုတင်ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာစာအိတ်အသီးသီး၌ ထည့်သွင်း၍ လုံခြုံစွာပိတ်ပြီး ထိုတာဝန်အရှိဆုံးပုဂ္ဂိုလ်ထံသို့ ချက်ချင်း ပြန်လည်ပေးအပ်ရမည်။ ထိုတာဝန်အရှိဆုံးပုဂ္ဂိုလ်သည် ယင်းကြိုတင်ဆန္ဒမဲလက်မှတ်ပါရှိသည့်စာအိတ်များကို စုစည်းပြီးသည့် အခါ   သက်ဆိုင်ရာဌာနအကြီးအမှူးထံသို့ ပြန်လည်ပေးပို့ရမည်။

(ခ) မဲဆန္ဒနယ်ပြင်ပရောက်ကျောင်းသားများ၊ မဲဆန္ဒနယ်ပြင်ပရောက်သင်တန်းသားများ၊ အချုပ်ခံနေရသူများနှင့် ပတ်သက်၍ ကြိုတင်ဆန္ဒမဲလက်မှတ်များကို လက်ခံရရှိသောအခါ အောက်ပါနည်းလမ်းများ အတိုင်း ဆောင်ရွက်ရမည်-

(၁) မဲဆန္ဒနယ်ပြင်ပရောက်ကျောင်းသားများနှင့် သင်တန်းသားများအတွက်ဖြစ်လျှင် ကော်မရှင်ကသတ်မှတ်ပေးသော နေ့ရက်နှင့် အချိန်ကာလအတွင်း၌သာ သက်ဆိုင်ရာပါမောက္ခချုပ် သို့မဟုတ် ကျောင်းအုပ်ကြီးက စီစဉ်ပေးသည့် နေရာ၌ ယင်းကျောင်းသားများ သို့မဟုတ် သင်တန်းသားများက ကြိုတင်ဆန္ဒမဲလက်မှတ်များတွင် မိမိတို့ဆန္ဒပြုလိုသည့်အတိုင်း ရေးသွင်းကာ ယင်းကြိုတင်ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာစာအိတ်အသီးသီး၌ ထည့်သွင်း၍ လုံခြုံစွာပိတ်ပြီး ထိုပါမောက္ခချုပ် သို့မဟုတ် ကျောင်းအုပ်ကြီးထံသို့ ချက်ချင်းပြန်လည်ပေးအပ်ရမည်။

(၂) အချုပ်ခံနေရသူများအတွက်ဖြစ်လျှင် သက်ဆိုင်ရာ ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်း အကြီးအမှူးကစီစဉ်ပေးသည့်နေရာ၌ ယင်းအချုပ်ခံနေရသူများက ကြိုတင်ဆန္ဒမဲလက်မှတ်များတွင် မိမိတို့ဆန္ဒပြုလိုသည့်အတိုင်းရေးသွင်းကာ ယင်းကြိုတင်ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာစာအိတ် အသီးသီး၌ ထည့်သွင်း၍ လုံခြုံစွာပိတ်ပြီး ထိုရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းအကြီးအမှူးထံသို့ ချက်ချင်းပြန်လည်ပေးအပ်ရမည်။

Myanmar Law Information System (MLIS)

(ဂ) မဲဆန္ဒနယ်ပြင်ပရောက်ဆေးရုံသို့ တက်ရောက်နေရသော အတွင်းလူနာများနှင့်ပတ်သက်၍ ကြိုတင်ဆန္ဒမဲလက်မှတ်များကို လက်ခံရရှိသောအခါ သက်ဆိုင်ရာဆေးရုံတာဝန်ခံသည် ကော်မရှင်ကသတ်မှတ်ပေးသောနေ့ရက်နှင့် အချိန်ကာလအတွင်း၌သာ အောက်ပါနည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်-

(၁) အတွင်းလူနာများရှိရာနေရာ ခုတင်အသီးသီး၌ ကြိုတင်ဆန္ဒမဲလက်မှတ်များတွင် လိုအပ်သလို ဖြည့်သွင်းနိုင်ရန် စီစဉ်ပေးရမည်။

(၂) ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသော လူနာကိုယ်တိုင် ကြိုတင်ဆန္ဒမဲလက်မှတ်၌ရေးသွင်းရန် အခက်အခဲရှိလျှင် ဆေးရုံဝန်ထမ်းနှစ်ဦး၏ ရှေ့မှောက်တွင် ယင်းလူနာ၏ဆန္ဒအတိုင်း မိမိကရေးသွင်းရမည်။ ထို့နောက်ကြိုတင်ဆန္ဒမဲလက်မှတ်ကို စာအိတ်၌ ထည့်သွင်း၍ လုံခြုံစွာပိတ်ပြီးလျှင် သက်ဆိုင်ရာသို့ ပြန်လည်ပေးပို့ရမည်။

(၃) ကျန်းမာရေးအခြေအနေများကြောင့် ဆန္ဒမဲပေးရန်မသင့်ဟု မိမိထင်မြင်ယူဆလျှင် ယင်းပုဂ္ဂိုလ်အား ဆန္ဒမဲပေးစေခြင်းမှ ချန်လှပ်ထားနိုင်သည်။ ထိုသို့ချန်လှပ်ထားသော အကြောင်းရင်းကို ဖော်ပြထားသည့် အစီရင်ခံစာတစ်စောင်ကို ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များနှင့်အတူ သက်ဆိုင်ရာသို့ ပြန်လည် ပေးပို့ရမည်။

<ပြင်ဆင် 03.10.2019, 05.06.2020>

၆၁။ ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့် စာအိတ်များကို လက်ခံရရှိသောအခါ သံရုံးအကြီးအမှူး သို့မဟုတ် အမြဲတမ်းကိုယ်စားလှယ်ရုံးအကြီးအမှူး သို့မဟုတ် ကောင်စစ်ဝန်ရုံးအကြီးအမှူးသည် အောက်ပါ နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်-

(က) သံရုံး သို့မဟုတ် အမြဲတမ်းကိုယ်စားလှယ်ရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးသို့ လာရောက်နိုင်သမျှ သော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများကို စုရုံးပြီး ကြိုတင်ဆန္ဒမဲပေးရန်နေရာကို သတ်မှတ်ပေးရမည်။

(ခ) သံရုံး သို့မဟုတ် အမြဲတမ်းကိုယ်စားလှယ်ရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးတွင် စုရုံးရောက်ရှိလာသော အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင်ရောက်ရှိနေသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအတွက် ကြိုတင် ဆန္ဒမဲလက်မှတ်များကို ဖြန့်ဖြူးကာ ဆန္ဒမဲလက်မှတ်များ၌ ယင်းတို့ ဆန္ဒပြုလိုသည့်အတိုင်း ရေးသွင်း စေရမည်။ ယင်းသို့ ရေးသွင်းပြီးနောက် ကြိုတင်ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာစာအိတ် အသီးသီး ၌ထည့်သွင်း၍ လုံခြုံစွာပိတ်စေပြီး ယင်းစာအိတ်များကို စုစည်းရမည်။

၆၂။ (က) သက်ဆိုင်ရာဌာနအကြီးအမှူး၊ တပ်မှူး၊ ပါ မောက္ခချုပ်၊ ကျောင်းအုပ်ကြီး၊ ရဲအချုပ်စခန်း အကြီးအမှူး၊ အကျဉ်းစခန်းအကြီးအမှူး သို့မဟုတ် ဆေးရုံတာဝန်ခံသည် ပြည်တွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများထံမှ ကြိုတင်ဆန္ဒမဲလက်မှတ်များ ပါဝင်သော စာအိတ် အသီးသီးကို လက်ခံရရှိပြီးနောက် ယင်းစာအိတ်များပါ မဲဆန္ဒနယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အမည်နှင့် မဲရုံအမှတ်များကို စိစစ်၍ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။

Myanmar Law Information System (MLIS)

(ခ) သက်ဆိုင်ရာသံရုံးအကြီးအမှူး သို့မဟုတ် အမြဲတမ်းကိုယ်စားလှယ်ရုံးအကြီးအမှူး သို့မဟုတ် ကောင်စစ်ဝန်ရုံးအကြီးအမှူးသည် အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသော ဆန္ဒမဲပေး ပိုင်ခွင့်ရှိသူများထံမှ ကြိုတင်ဆန္ဒမဲလက်မှတ်များပါဝင်သည့် စာအိတ်အသီးသီးကို လက်ခံရရှိပြီးနောက် ယင်းစာအိတ်များကို နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ရမည်။ နိုင်ငံခြားရေးဝန်ကြီးဌာနသည် ယင်းစာအိတ်များကို ကော်မရှင်သို့ပေးပို့ရမည်။

(ဂ) ကော်မရှင်သည် နည်းဥပဒေခွဲ (ခ) အရ ပေးပို့လာသည့် စာအိတ်များပါ မဲဆန္ဒနယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည်နှင့် မဲရုံအမှတ်များကိုစိစစ်၍ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။

၆၃။ ဤအခန်းပါ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရသည့် ဌာနဆိုင်ရာအကြီးအမှူး သို့မဟုတ် တပ်မှူး သို့မဟုတ် သံရုံးအကြီးအမှူး သို့မဟုတ် အမြဲတမ်းကိုယ်စားလှယ်ရုံးအကြီးအမှူး သို့မဟုတ် ကောင်စစ်ဝန်ရုံးအကြီးအမှူးသည် ယင်းတာဝန်ဝတ္တရားများကို မိမိဌာနမှတာဝန်ရှိ ဝန်ထမ်းတစ်ဦးဦး သို့မဟုတ် ဝန်ထမ်းများ အားတာဝန်လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

၆၄။ ပြည်တွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးသည်လည်းကောင်း၊ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးသည်လည်းကောင်း ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် မိမိသက်ဆိုင်ရာမဲရုံသို့ အချိန်မီပြန်လည်ရောက်ရှိလာပြီး သက်ဆိုင်ရာဌာနအကြီးအမှူး သို့မဟုတ် တပ်မှူး သို့မဟုတ် သံရုံးအကြီးအမှူး သို့မဟုတ် အမြဲတမ်းကိုယ်စားလှယ်အကြီးအမှူး သို့မဟုတ် ကောင်စစ်ဝန်ရုံး အကြီးအမှူးထံမှ ဆန္ဒမဲမပေးရသေးကြောင်း သက်သေခံ လက်မှတ်ကို တင်ပြနိုင်လျှင် သက်ဆိုင်ရာမဲရုံမှူးသည် ယင်းပုဂ္ဂိုလ်အား ထိုမဲရုံတွင် ဆန္ဒမဲပေးရန် ခွင့်ပြုရမည်။

## အခန်း (၁၂)

## ဆန္ဒမဲရေတွက်ခြင်း၊ ရွေးကောက်ပွဲအနိုင်အရှုံး ကြေညာခြင်း

၆၅။ (က) ရွေးကောက်ပွဲကျင်းပသည့်နေ့၌ ဆန္ဒမဲပေးခြင်းပြီးဆုံးလျှင်ပြီးဆုံးချင်း အသုံးမပြုဘဲကျန်နေသောဆန္ဒမဲလက်မှတ်များကို မဲရုံမှူးက မဲရုံတွင်ပင် မဲရုံအဖွဲ့ဝင်များ၊ အများပြည်သူများ၊ မဲရုံကိုယ်စားလှယ်များ ရှေ့မှောက်၌ရေတွက်ပြီးနောက် ပုံစံ (၁၆-၁) ဖြင့်သုံးစောင်ပြုစုရမည်။ ယင်းပုံစံများတွင် မှန်ကန်ကြောင်းမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် မဲရုံကိုယ်စားလှယ်များက လက်မှတ်ရေးထိုး၍ ပုံစံတစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း၊ ကျန်တစ်စောင်ကိုရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မ ရှင်အဖွဲ့ခွဲသို့လည်းကောင်း ပေးပို့ရမည်။ တစ်စောင်ကိုမဲရုံမှူး၏ လက်ဝယ်တွင် ထိန်းသိမ်းထားရမည်။

(ခ) မဲရုံမှူးသည် ဆန္ဒမဲရေတွက်ခြင်းကို ကိုယ်တိုင်ဖြစ်စေ၊ ယင်းကတာဝန်ပေးအပ်ထားသောမဲရုံအဖွဲ့ဝင်ကဖြစ်စေ မဲရုံတွင်ပင်မဲရုံအဖွဲ့ဝင်များ၊ အသိသက်သေများ၊ အများပြည်သူများ၊ မဲရုံကိုယ်စားလှယ်များရှေ့ မှောက်၌ဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်နှင့် နည်းဥပဒေ ၅၁(ဆ) အရ လက်ခံရရှိထားသော ကြိုတင် ဆန္ဒမဲလက်မှတ်များကို ဆက်လက်ရေတွက်ရမည်။

Myanmar Law Information System (MLIS)

ယင်းသို့ရေတွက်ရာ၌ နည်းဥပဒေ ၅၁(ဆ) အရ မိမိ လက်ခံထား ရှိသော ကြိုတင်ဆန္ဒမဲပုံးမှကြိုတင်ဆန္ဒမဲများကို ဦးစွာရေတွက်ရမည်။ ယင်းမဲပုံးကိုမဖွင့်မီ မဲရုံကိုယ်စားလှယ်များနှင့် လေ့လာသူများအား ချိပ်ပိတ်ထားသည့် အခြေအနေအတိုင်းရှိကြောင်း ပြသရ မည်။ ထိုသို့ဆန္ဒမဲလက်မှတ်များရေတွက်ခြင်းကို ရွေးကောက်ပွဲ လေ့လာသူများကိုပါ လေ့လာခွင့်ပြုရမည်။ ဆန္ဒမဲလက်မှတ်များရေတွက်ပြီးနောက် ကော်မရှင်က ညွှန်ကြားသည့်အတိုင်းစာရင်းများကိုပြုစုရမည်။

<ပြင်ဆင် 28.07.2014>

၆၆။ မဲရုံမှူးသည် ဆန္ဒမဲရေတွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) ဆန္ဒမဲရေတွက်ရာနေရာတွင် ရောက်ရှိနေသည့် နည်းဥပဒေ ၆၅ ပါသက်သေအနည်းဆုံး ၁၀ ဦး၏ အမည်စာရင်းကိုပုံစံ (၁၆) ၏ကျောဘက်တွင် ရေးမှတ်ထားရမည်။

(ခ) ထုတ်ပေးသည့် ဆန္ဒမဲလက်မှတ်နှင့် မဲပုံးအတွင်းမှ ရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်သည် ကိုက်ညီမှု ရှိမရှိကို စစ်ဆေးရမည်။ ကိုက်ညီမှုမရှိပါက မှတ်တမ်းတင်၍ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရမည်။ သို့ရာတွင် ဆန္ဒမဲရေတွက်ခြင်းကိုမူ ဆက်လက်ဆောင်ရွက်ရမည်။

(ဂ) ဆန္ဒမဲလက်မှတ်များကို ရေတွက်ရာတွင် ဆန္ဒမဲလက်မှတ် တစ်စောင်ချင်းစီအား မဲရုံအဖွဲ့ဝင်များ၊ သက်သေများ၊ မဲရုံကိုယ်စားလှယ်များကို ပြသ၍ရေတွက်ရမည်။ အောက်ပါဆန္ဒမဲလက်မှတ်မျိုးကို ပယ်ရမည်-

(၁) ကော်မရှင်က အတည်ပြုထားသော အမှတ်အသားမပါသည့် ဆန္ဒမဲလက်မှတ်၊

(၂) မဲရုံမှူး လက်မှတ်မပါသည့် ဆန္ဒမဲလက်မှတ်၊

(၃) လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးထက်ပို၍ ဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(၄) ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်၊

(၅) ဆန္ဒပြုထားခြင်းမှာ မသေချာမထင်ရှားသော ဆန္ဒမဲလက်မှတ်၊

(၆) ဆန္ဒမဲလက်မှတ်အတုဖြစ်သည်ဟု မဲရုံမှူးကဆုံးဖြတ်သည့် ဆန္ဒမဲလက်မှတ်၊

(၇) ဆန္ဒမဲပေးသူကို သိရှိနိုင်အောင် အမှတ်အသားပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(၈) ဆုတ်ဖြဲထားသည့် ဆန္ဒမဲလက်မှတ်။

(၉) ကော်မရှင်က ပယ်မဲအဖြစ်သတ်မှတ်ရန် ထုတ်ပြန်ထားသော ဆန္ဒမဲလက်မှတ်များ။

(ဃ) ကြိုတင်ဆန္ဒမဲလက်မှတ်ကို ရေတွက်ရာတွင် ကြိုတင်ဆန္ဒ မဲလက်မှတ်တစ်စောင်ချင်းစီအား မဲရုံအဖွဲ့ဝင်များ၊ သက်သေများ၊ မဲရုံကိုယ်စားလှယ်များကိုပြသ၍ရေ တွက်ရမည်။ အောက်ပါကြိုတင်ဆန္ဒမဲလက်မှတ်မျိုးကို ပယ်ရမည်-

(၁) ကော်မရှင်ကအတည်ပြုထားသော အမှတ်အသားမပါသည့် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၂) ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်မပါရှိသော ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၃) တာဝန်ခံထုတ်ပေးသူ၏အမည်နှင့် လက်မှတ်မပါသည့် ကြိုတင်ဆန္ဒမဲလက်မှတ်၊

Myanmar Law Information System (MLIS)

(၄) လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးထက်ပို၍ ဆန္ဒပြုထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၅) ဆန္ဒပြုထားခြင်းမရှိသော ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၆) ဆန္ဒပြုထားခြင်းမှာ မသေချာ မထင်ရှားသော ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၇) ကြိုတင်ဆန္ဒမဲလက်မှတ် အတုဖြစ်သည်ဟု ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် မဲရုံမှူးက ဆုံးဖြတ်သည့် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၈) ဆန္ဒမဲပေးသူကို သိရှိနိုင်အောင် အမှတ်အသားပြုထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၉) ဆုတ်ဖြဲထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်။

(၁၀) ကော်မရှင်က ပယ်မဲအဖြစ် သတ်မှတ်ရန် ထုတ်ပြန်ထားသော ဆန္ဒမဲလက်မှတ်များ။

(င) မဲပုံးထဲမှ ထုတ်ယူရရှိသည့် ဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်များနှင့် နည်းဥပဒေ ၅၁ (ဆ) အရ လက်ခံရရှိထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို ဆန္ဒပြုထားသောလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးစီ၏အမည်အလိုက် သီးခြားခွဲ၍ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးစီရရှိသည့် ဆန္ဒ မဲအရေအတွက်ကို ပုံစံ (၁၆) ဖြင့်ငါးစောင်ပြုစုရမည်။ ယင်းပုံစံများတွင် မှန်ကန်ကြောင်းမဲရုံမှူး၊ မဲရုံအဖွဲ့ ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အနည်းဆုံး သက်သေလေးဦးက လက်မှတ်ရေးထိုး၍ ပုံစံတစ်စောင် ကိုမြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း၊ နှစ်စောင်ကိုရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲသို့လည်းကောင်း ပေးပို့ရမည်။ တစ်စောင်ကို မိမိ၏လက်ဝယ်တွင် ထိန်းသိမ်းထားပြီးကျန်တစ် စောင်ကိုမိမိ၏မဲရုံတွင်ကပ်ထားရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် လက်ခံ ရရှိသည့် နှစ်စောင်အနက် တစ်စောင်ကို လက်ခံအဖြစ် ထားရှိပြီး တစ်စောင်ကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် ကပ်ထားရမည်။ လက်မှတ်ရေးထိုးရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာဖြစ်စေရမည်။

(စ) မဲရုံမှူးကပယ်သည့် ဆန္ဒမဲလက်မှတ်များနှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ဆန္ဒမဲရေတွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ် များ သို့မဟုတ် အကူကိုယ်စားလှယ်များအားကြည့်ရှုရန်အခွင့်အရေးပေးရမည်။ ပယ်သည့်အကြောင်းကို သတ်မှတ်ထားသည့် ပုံစံ (၁၇) ဖြင့် မှတ်တမ်းတင်၍ မဲရုံမှူးက လက်မှတ်ရေးထိုးထားရမည်။

(ဆ) မဲပုံးထဲမှ ထုတ်ယူရရှိသော ဆန္ဒမဲလက်မှတ်များနှင့် နည်းဥပဒေ ၅၁ (ဆ) အရ လက်ခံရရှိထား သော ကြိုတင်ဆန္ဒမဲလက်မှတ်များအားလုံးကို ရေတွက်ပြီးစီးသည့်အခါ မဲရုံမှူးသည် လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီရရှိသည့် ဆန္ဒမဲလက်မှတ်များနှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို သီးခြားအိတ်များတွင်ထည့်ကာ လုံခြုံအောင်ပိတ်ပြီး ချိပ်တံဆိပ်ရိုက်နှိပ်ရမည်။ ယင်းမဲရုံမှ မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ်များအားလည်း ချိပ်တံဆိပ်ရိုက်နှိပ်ခွင့် ပေးရမည်။ ယင်းအိတ်အသီးသီးပေါ် တွင်လွှတ်တော်ကိုယ်စားလှယ်လောင်း၏အမည်၊ မဲဆန္ဒနယ်အမည်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အမည်နှင့်မဲရုံအမှတ်တို့ကို ထင်ရှားစွာရေးမှတ်ရမည်။ ပယ်မဲအားလုံးကို

Myanmar Law Information System (MLIS)

အိတ်တစ်အိတ်တွင်ထည့်ကာ လုံခြုံအောင်ပိတ်ပြီးချိပ်တံဆိပ်ရိုက်နှိပ်ရမည်။ ယင်းအိတ်အား မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ် စားလှယ်များကိုလည်း ချိပ်တံဆိပ်ရိုက်နှိပ်ခွင့်ပေးရမည်။ ယင်းအိတ်ပေါ်တွင် မဲဆန္ဒနယ်အမည်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည်နှင့် မဲရုံအမှတ်တို့ကို ထင်ရှားစွာရေးမှတ်ရမည်။ ထို့နောက် အထက်ဖော်ပြပါ အိတ်များအားလုံးကို အထုပ်တစ်ထုပ်ပြုလုပ်ရမည်။

(ဇ) မဲရုံပိတ်ချိန်တွင် မဲရုံမှူးသည် အောက်ပါတို့ကိုအထုပ်တစ်ထုပ်စီ ထုပ်ပြီးလျှင်မိမိ၏ချိပ်တံဆိပ်ရိုက်နှိပ်ရမည်။ အထုပ်ပေါ်တွင် အထုပ်အတွင်းရှိ ပစ္စည်းအမျိုးအမည်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည်နှင့်မဲရုံအမှတ်တို့ကို ရေးသားရမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ်များအားလည်း မိမိတို့၏ ချိပ်တံဆိပ်ကို ရိုက်နှိပ်လိုကရိုက်နှိပ်ခွင့်ပြုပြီး ယင်းအထုပ်များကို အထုပ်ကြီးတစ်ထုပ်ပြုလုပ်ရမည်-

(၁) မသုံးဘဲကျန်နေသော ဆန္ဒမဲလက်မှတ်များ၊ လက်ခံဖြတ်ပိုင်းများနှင့် ပုံစံ (၁၆-၁)၊

(၂) မဲရုံတွင် အသုံးပြုသော မဲစာရင်း၊

(၃) ကြိုတင်ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၊

(၄) ပယ်မဲ ပုံစံ (၁၇) များ။

(ဈ) နည်းဥပဒေခွဲ (ဆ) နှင့် (ဇ) တို့တွင်ဖော်ပြထားသောအထုပ်များကို အိတ်ကြီးတစ်လုံးတွင်ထည့်သွင်းကာမဲရုံမှူးကချိပ်တံဆိပ် ရိုက်နှိပ်ရမည်။ မဲရုံကိုယ်စားလှယ်များနှင့်အကူကိုယ်စားလှယ်များအားလည်းချိပ်တံဆိပ်ရိုက်နှိပ်လိုက ရိုက်နှိပ်ခွင့်ပြုရမည်။ ထို့နောက် ယင်းအိတ်ကြီးကို ပုံစံ (၁၆) နှင့်အတူ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အမြန်ဆုံးပေးပို့ရမည်။ ထိုအိတ်ကြီးပေါ်တွင် ပေးပို့သော မဲရုံအမှတ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည်တို့ကို ဖော်ပြရမည်။

(ည) မဲရုံမှူးသည် နည်းဥပဒေခွဲ (ဈ) ပါအိတ်ကြီးကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ချက်ချင်းပေးပို့ရမည်။ သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း၊ လုံခြုံရေးအခြေအနေအရလည်းကောင်း ထိုသို့ပေးပို့နိုင် ခြင်းမရှိပါက သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ အပ်နှံရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် မဲရုံမှူးနှင့်အတူ ယင်းပုံစံ (၁၆) နှင့်အိတ်ကြီးတို့ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ဆောလျင်စွာပေးပို့ရမည်။

<ပြင်ဆင် 05.01.2012, 28.07.2014>

၆၇။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည်-

(က) ရွေးကောက်ပွဲကျင်းပသည့်နေ့ ညနေ ၄ နာရီအထိ မိမိလက်ဝယ်ရရှိထားသည့် ဆန္ဒပြုထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် အများပြည်သူများရှေ့မှောက် တွင် ပုံစံ (၁-၁)၊ (၁-၂) နှင့် (၁-၃) တို့ဖြင့် တိုက်ဆိုင်စိစစ်၍ ရေတွက်ပြီး လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးရရှိသည့်

Myanmar Law Information System (MLIS)

ဆန္ဒမဲအရေအတွက်ကို ပုံစံ (၁၈) တွင် ဖြည့်သွင်းရမည်။

ပယ်သည့်ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့်စပ်လျဉ်း၍ ပယ်သည့်အကြောင်းကို သတ်မှတ်ထားသည့် ပုံစံ (၁၇-က) တွင် မှတ်တမ်းတင်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးက လက်မှတ်ရေးထိုးထားရ မည်။ ယင်းပုံစံ (၁၈) တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲတို့က မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။

လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ မလာရောက်နိုင်ပါ ကိုယ်စားလှယ်စေလွှတ်ဆောင်ရွက်ရမည်။ လက်မှတ်ရေးထိုးရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်သာဖြစ်စေရမည်။

(ခ) မဲဆန္ဒနယ်အတွင်းရှိ မဲရုံများ၏ မဲရုံမှူးများထံမှ ပုံစံ (၁၆)ဖြင့်ရေးသွင်းထားသော လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက် (နည်းဥပဒေ ၄၆ (ခ) နှင့် (ဂ) တို့အရ ရရှိသည့် ဆန္ဒမဲများအပါအဝင်) နှင့်ပုံစံ (၁၈) အရမိမိလက်ဝယ်ရရှိထားသည့်ကြိုတင်ဆန္ဒမဲအရေအတွက်ကို ပေါင်းပြီးလွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက်ကို ကြေညာထားသည့် ကိုယ်စားလှယ်လောင်းအစီအစဉ်အတိုင်းပုံစံ (၁၉) ဖြင့် အများပြည်သူရှေ့မှောက်တွင် စာရင်းပြုစုရမည်။ ယင်းပုံစံ (၁၉) တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စား လှယ်များ၊ အသိသက်သေများနှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲတို့က မှန်ကန်ကြောင်း လက်မှတ်ရေးထိုး ရမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ မလာရောက်နိုင်ပါက ကိုယ်စားလှယ်စေလွှတ်ဆောင်ရွက်ရမည်။ လက်မှတ်ရေးထိုးရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာဖြစ်စေရမည်။ ယင်းစာရင်းတစ်စောင်စီကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊ ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ် ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲ သို့ပေးပို့၍ တစ်စောင်ကို လက်ခံ အဖြစ်သိမ်းဆည်းထားပြီး တစ်စောင်ကို မိမိရုံးတွင် ကပ်ထားရမည်။

(ဂ) လွှတ်တော်မဲဆန္ဒနယ် တစ်နယ်တွင် ခရိုင်တစ်ခုထက်ပိုမိုပါဝင်နေပါက ကော်မရှင်က သတ်မှတ်ပေးသောခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ ပုံစံ (၁၉) ကို ပေးပို့ရမည်။

<ပြင်ဆင် 05.01.2012, 28.07.2014, 25.06.2015, 03.10.2019>

၆၈။ (က) ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသည် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက ပြုစုပေးပို့သော ပုံစံ (၁၉) များကို အခြေပြု၍-

Myanmar Law Information System (MLIS)

(၁) လွှတ်တော်မဲဆန္ဒနယ်တစ်နယ်တွင် ခရိုင်တစ်ခုတည်းသာပါဝင်ပါက ပုံစံ (၁၉-က) ဖြင့်စုစည်း စာရင်းပြုစုရမည်။

(၂) လွှတ်တော်မဲဆန္ဒနယ်တစ်နယ်တွင် ခရိုင်တစ်ခုထက်ပိုမိုပါဝင်နေပါက ပုံစံ (၁၉-ခ) ဖြင့်စုစည်း စာရင်းပြုစုရမည်။

(၃) ယင်းသို့စုစည်းပြုစုထားသော စာရင်းများကိုသက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။ ခိုင်လုံသောဆန္ဒမဲအများဆုံးရရှိသူများ၏ ဆန္ဒမဲအရေအတွက်ချင်း တူညီနေလျှင် ထိုဆန္ဒမဲတူညီနေသူများအတွက် ရွေးကောက်ပွဲအသစ်ကျင်းပပေးရန် သင့်မသင့်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ အမြန်ဆုံးတင်ပြရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသည် နည်းဥပဒေခွဲ (က) ဖြင့်တင်ပြချက်အရ မဲဆန္ဒနယ်တစ်နယ်တွင် ခိုင်လုံသော ဆန္ဒမဲအများဆုံးရရှိသူများ၏ ဆန္ဒမဲအရေအတွက်ချင်း တူညီနေသည့်ကိစ္စတွင် ထိုဆန္ဒမဲတူညီနေသူများအတွက် ရွေးကောက်ပွဲအသစ် ထပ်မံကျင်းပပေးရန် သင့်မသင့်ကို မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ကော်မရှင်သို့ အမြန်ဆုံးအစီရင်ခံရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၏ တင်ပြချက်နှင့်စပ်လျဉ်း၍အယူခံခြင်း ရှိမရှိကိုလည်းကောင်း၊ လိုအပ်သည့် အခြားအချက်များကိုလည်းကောင်း တောင်းခံ စိစစ်၍ရွေးကောက်ပွဲအသစ် ထပ်မံကျင်းပပေးရန် သို့မဟုတ် ဆိုင်းငံ့ထားရန်ကော်မရှင်ကဆုံးဖြတ်ရမည်။

<ပြင်ဆင် 25.06.2015>

၆၉။ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်တစ်ခုသည် ခိုင်လုံမဲဖြစ်သည်၊ ပယ်မဲဖြစ်သည်ကို အောက်ပါပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ဆုံးဖြတ်ရမည်-

(က) မဲရုံတွင် ရေတွက်သော ဆန္ဒမဲလက်မှတ်နှင့်ကြိုတင်ဆန္ဒမဲလက်မှတ်ဖြစ်လျှင် မဲရုံမှူး၊

(ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် ရေတွက်သော ကြိုတင်ဆန္ဒမဲလက်မှတ်ဖြစ်လျှင် မြို့နယ်ကော်မရှင် အဖွဲ့ခွဲ။

<ပြင်ဆင် 28.07.2014>

၇၀။ (က) ကြိုတင်ဆန္ဒမဲများကို စုစည်းရမည့် ဌာနအကြီးအမှူး၊ တပ်မှူး၊ ဆေးရုံတာဝန်ခံ၊ ရဲစခန်း အကြီးအမှူး သို့မဟုတ် အကျဉ်းစခန်းအကြီးအမှူးသည် ကြိုတင်ဆန္ဒမဲလက်မှတ်များ မိမိလက်ဝယ် ရောက်ရှိသည်နှင့် မဲဆန္ဒရှင်များသို့ အမြန်ဆုံးဖြန့်ဝေ၍ ဆန္ဒပြုစေရမည်။

(ခ) ဆန္ဒမဲပေးပြီးသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို အားလုံးစုံမှ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ ခွဲသို့ပေးပို့ခြင်းမပြုဘဲ ကြိုတင်ဆန္ဒမဲပေးပြီးတိုင်း ထိုဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာမြို့နယ်ကော်မ ရှင်အဖွဲ့ခွဲသို့ ဆောလျင်စွာပေးပို့ရမည်။

၇၁။ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့်စပ်လျဉ်း၍-

(က) ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံပိတ်ချိန် ညနေ ၄ နာရီ အထိသာ လက်ခံရမည်။

Myanmar Law Information System (MLIS)

(ခ) နည်းဥပဒေ ၆၂ အရ ကြိုတင်ဆန္ဒမဲလက်မှတ်များပါဝင်သည့်စာအိတ်များကို ပေးပို့လာသောအခါ ယင်းစာအိတ်များပေါ်တွင် လက်ခံရရှိသည့်အမှတ်စဉ်၊ နေ့ရက်နှင့် အချိန်တို့ကို ဖော်ပြ၍ပုံစံ (၁၈-ခ) တွင် ရေးသွင်းပြီး ယင်းစာအိတ်တို့ကို ချိပ်ပိတ်ထားသည့် မဲပုံးအတွင်းသို့ ထည့်၍လုံခြုံစွာသိမ်းဆည်းထား ရမည်။

(ဂ) မဲရုံပိတ်ချိန်ကုန်ဆုံးသည်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များ ပါရှိသည့်စာအိတ်များထည့်ထားသော ချိပ်ပိတ်ထားသည့်မဲပုံးကို ဖွင့်လှစ်၍ ကြိုတင်ဆန္ဒမဲများကို ချက်ချင်းရေတွက်ရမည်။

(ဃ) မဲရုံပိတ်ချိန် ညနေ ၄ နာရီ နောက်ပိုင်းမှ ရောက်ရှိလာသော ကြိုတင်ဆန္ဒမဲလက်မှတ်များကိုထည့်သွင်းရေတွက်ခြင်းမပြုရ။

(င) နည်းဥပဒေခွဲ (ခ)၊ (ဂ) တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်နှင့် ရွေးကောက်ပွဲလေ့လာသူတို့ လည်းကြည့်ရှုနိုင်သည်။

<ပြင်ဆင် 28.07.2014>

၇၂။ (က) နည်းဥပဒေ ၆၈ (က) အရ ပုံစံ (၁၉-က) နှင့် (၁၉-ခ) တို့ဖြင့်ပေးပို့သည့် ခိုင်လုံသော ဆန္ဒမဲအရေအတွက်အများဆုံးရရှိသော လွှတ်တော်ကိုယ်စားလှယ်လောင်းများအား ရွေးကောက်တင်မြှောက်ခံ ရသည့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက ကြေညာရမည်။ ယင်းကြေညာချက်တစ်စောင်စီကို လိုအပ်သလိုဆောင်ရွက်နိုင်ရန် ကော်မရှင်သို့ အမြန် ပေးပို့တင်ပြရမည်။

(ခ) ကော်မရှင်သည် နည်းဥပဒေခွဲ (က) နှင့်အညီ ပေးပို့တင်ပြလာသည့် ကြေညာချက်များအရ သက်ဆိုင်ရာ မဲဆန္ဒနယ်အလိုက်ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များအား လည်းကောင်း၊ ရွေးကောက်ပွဲဥပဒေအခန်း (၈) ပါပြဋ္ဌာန်းချက်များနှင့်အညီ အမည်စာရင်း ပေးပို့လာသည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအားလည်းကောင်း လွှတ်တော် ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုလွှာများ ထုတ်ပေးရမည်။ ယင်းလွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို နိုင်ငံတော်ပြန် တမ်းတွင်ထည့်သွင်းဖော်ပြရမည်။

## အခန်း (၁၃)

## ရွေးကောက်ပွဲ ကုန်ကျစရိတ်များ

၇၃။ ရွေးကောက်ပွဲကိုယ်စားလှယ်သည် ငွေစာရင်းစာအုပ်များကို စနစ်တကျထားရှိပြီး အောက်ပါတို့ကို မှန်ကန်စွာရေးသွင်းရမည်-

(က) ရွေးကောက်ပွဲအတွက် ကုန်ကျစရိတ်၊

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်း၏ရွေးကောက်ပွဲကုန်ကျစရိတ်အတွက် မိမိကိုယ်ပိုင်ငွေဖြင့်သော် လည်းကောင်း၊ ပြည်တွင်းရှိ နိုင်ငံသားတစ်ဦးချင်းစီကဖြစ်စေ၊ ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီအစုအဖွဲ့များက ဖြစ်စေ တရားဝင်ရရှိထားသော ငွေကြေးများထဲမှ

Myanmar Law Information System (MLIS)

ထည့်ဝင်လှူဒါန်းသောငွေဖြင့်သော်လည်းကောင်း၊ သက်ဆိုင်ရာပါတီအဖွဲ့အစည်းက ထောက်ပံ့သည့်ငွေဖြင့်သော်လည်းကောင်း ကျခံပြီးသည့်ကုန်ကျစရိတ် များ၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်က ပေးရန်ကျန်ရှိသေးသည့် အသုံးစရိတ်ငွေများ။

၇၄။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် မိမိ၏ရွေးကောက်ပွဲ ကုန်ကျစရိတ်အဖြစ် ငွေကျပ် သိန်းတစ်ရာထက်ပို၍ သုံးစွဲခြင်းမပြုရ။

၇၅။ ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်သည် မိမိ၏ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကိုကူညီရန် အခကြေးငွေဖြင့် အောက်ပါပုဂ္ဂိုလ်များ မှတစ်ပါးမည်သူ့ကိုမျှ မခန့်ထားရ-

(က) ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦး၊

(ခ) မဲရုံအသီးသီးအတွက် မဲရုံကိုယ်စားလှယ်တစ်ဦးစီ၊ အကူကိုယ်စားလှယ်တစ်ဦးစီ၊ စာရေးတစ်ဦးစီ၊ မဲဆော်သြသူတစ်ဦးစီ၊ ရုံးအကူတစ်ဦးစီအပြင် မဲရုံတစ်ရုံ၌ မဲစာရင်းရှိ မဲဆန္ဒရှင်ဦးရေ ၃၀၀ ထက်ပိုလျှင် နောက်ထပ်စာရေးတစ်ဦး၊ မဲဆော်သြသူတစ်ဦးနှင့်ရုံးအကူတစ်ဦး။

၇၆။ လွှတ်တော်ကိုယ်စားလှယ်လောင်းကိုယ်တိုင်လည်းကောင်း၊ ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်ကလည်းကောင်း ရွေးကောက်ပွဲကုန်ကျစရိတ်များကို ပေးချေနိုင်သည်။

၇၇။ လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မရှင်အဖွဲ့ခွဲက ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်၏အမည်ကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို ပုံစံ (၂၀) ဖြင့်ရေး သွင်း၍ မိတ္တူတစ်စုံကူးယူပြီး မူရင်းနှင့်အတူ သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်တို့က ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲထံ တင်သွင်းရမည်။ ယင်းစာရင်းများမှန်ကန်ကြောင်း မြို့နယ်တရားသူကြီးအဆင့်ထက် မနိမ့်သော တရားသူကြီးတစ်ဦးဦးရှေ့မှောက်၌ပြုလုပ်သော ကျမ်းကျိန်လွှာကိုလည်း ပူးတွဲတင်သွင်းရမည်။

<ပြင်ဆင် 28.07.2014, 25.06.2015>

၇၈။ ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသည် ရွေးကောက်ပွဲကုန်ကျစရိတ် ငွေစာရင်းကို တင်သွင်းသည့်အခါ ယင်းကုန်ကျစရိတ်ငွေစာရင်း တင်သွင်းသည့်နေ့ရက်ကိုလည်းကောင်း၊ သတ်မှတ် ထားသောအချိန်နှင့် ပြဋ္ဌာန်းချက်များအတိုင်းတင်သွင်းခြင်းပြုမပြုကိုလည်းကောင်း ယင်းစာရင်း၌မှတ် တမ်းတင်ထားရမည်။

<ပြင်ဆင် 25.06.2015>

Myanmar Law Information System (MLIS)

၇၉။ (က) ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းနှင့် ကျမ်းကျိန်လွှာကို ရရှိပြီးနောက် နှစ်ရက်အတွင်း ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲက နည်းဥပဒေ ၇၇ အရ တင်သွင်းသော ရွေးကောက်ပွဲ ကုန်ကျစရိတ် စာရင်း ပုံစံ (၂၀) မိတ္တူတစ်စုံစီကို မိမိရုံးတွင်အများပြည်သူမြင်နိုင်သည့်နေရာ၌ ကပ်ထားရမည်။

(ခ) ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို မိတ္တူကူးယူလိုပါက စာတစ်မျက်နှာလျှင် တစ်မျက်နှာပြည့် သည်ဖြစ်စေ၊ မပြည့်သည်ဖြစ်စေ ငွေကျပ် ၁၀၀၀ ပေးဆောင်ပါက မဲဆန္ဒရှင်မည်သူမဆိုကုန်ကျစရိတ်စာ ရင်းမိတ္တူမှန် လျှောက်ထားရယူခွင့်ရှိသည်။

<ပြင်ဆင် 28.07.2014, 25.06.2015>

၈၀။ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းရန် သတ်မှတ်ထားသော နေ့ရက်ကုန်ဆုံးသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသည် ကော်မရှင်သို့ အောက်ပါအချက်များပါဝင် သည့်အစီရင်ခံစာကို တင်သွင်းရမည်-

(က) ရွေးကောက်ပွဲတွင်ယှဉ်ပြိုင်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲ ကိုယ် စားလှယ်များ၏ အမည်များ၊

(ခ) ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း တင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် မတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်များ၊

(ဂ) ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း တင်သွင်းပါက ယင်းသို့တင်သွင်းသည့်နေ့ရက်၊ သတ်မှတ်ထား သောအချိန်နှင့် ပြဋ္ဌာန်းချက်များအတိုင်း တင်သွင်းခြင်း ပြုမပြု၊

(ဃ) ရွေးကောက်ပွဲကုန်ကျစရိတ် တင်သွင်းရန်ပျက်ကွက်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ် များအား အရည်အချင်းပျက်ယွင်းသူအဖြစ်ကြေညာ သင့်ကြောင်း တင်ပြချက်။

<ပြင်ဆင် 28.07.2014, 25.06.2015>

၈၁။ ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသည် နည်းဥပဒေ ၈၀ အရ အစီရင်ခံစာ တင်သွင်းပြီးနောက် အောက်ပါအချက်များပါဝင်သည့် ကြော်ငြာစာကို မိမိရုံးရှိ အများပြည်သူမြင်နိုင် သည့်နေရာ၌ ကပ်ထားရမည်-

(က) ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၏အမည်များ၊

(ခ) ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း တင်သွင်းသည့်လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် မတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်များ၊

Myanmar Law Information System (MLIS)

(ဂ) ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း တင်သွင်းပါက ယင်းသို့တင်သွင်းသည့်နေ့ရက်၊ သတ်မှတ်ထားသောအချိန်နှင့်ပြဋ္ဌာန်းချက်များအတိုင်း တင်သွင်းခြင်း ပြုမပြု၊

(ဃ) ရွေးကောက်ပွဲကုန်ကျစရိတ်ကို သတ်မှတ်ရက်အတွင်း မတင်သွင်းသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှအရည်အချင်းပျက်ယွင်းသူဟု သတ်မှတ်ရန် ထောက်ခံတင်ပြထားသူများ။

<ပြင်ဆင် 28.07.2014, 25.06.2015>

၈၂။ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ် တို့သည် ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲက နည်းဥပဒေ ၈၁ အရ ကြော်ငြာစာကပ်သည့်နေ့မှ ၁၅ ရက်အတွင်း မိမိအား အရည်အချင်းပျက်ယွင်းသူဟု မသတ်မှတ်သင့်ကြောင်း အကျိုးအကြောင်းဖော်ပြ၍ ကော်မရှင်သို့ လျှောက်ထားနိုင်သည်။ ယင်းလျှောက် ထားချက် မိတ္တူတစ်စောင်ကို ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။

<ပြင်ဆင် 28.07.2014, 25.06.2015>

၈၃။ ကော်မရှင်သည်-

(က) နည်းဥပဒေ ၈၀ အရ ကော်မရှင်အဖွဲ့ခွဲအသီးသီး၏အစီရင်ခံစာများအရဖြစ်စေ၊ နည်းဥပဒေ ၈၂ အရ မိမိအား အရည်အချင်းပျက်ယွင်းသူဟု မသတ်မှတ်သင့်ကြောင်း လျှောက်ထားချက်အရဖြစ်စေ စိစစ်၍ရွေးကောက်ပွဲကုန်ကျစရိတ်တင်သွင်းရန် ပျက်ကွက်သူများသည် အရည်အချင်းပျက်ယွင်းသူများ ဟုတ် မဟုတ် ဆုံးဖြတ်နိုင်ရန် ရွေးကောက်ပွဲခုံအဖွဲ့ ဖွဲ့စည်းစစ်ဆေး၍ ကော်မရှင်သို့အစီရင်ခံစာ တင်သွင်းစေရမည်။

(ခ) ရွေးကောက်ပွဲခုံအဖွဲ့၏ အစီရင်ခံစာအပေါ် မူတည်၍ အရည်အချင်းပျက်ယွင်းသူများအဖြစ် သတ်မှတ်ရန် သင့်မသင့် ဆုံးဖြတ်ရမည်။

<ပြင်ဆင် 05.01.2012>

၈၄။ ကော်မရှင်သည် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့က ဆုံးဖြတ်ခံရသော လွှတ်တော်ကိုယ်စားလှယ်များ၊ ရှုံးနိမ့်လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက် ပွဲကိုယ်စားလှယ်အမည်စာရင်းများကို ကော်မရှင်ကြေညာချက်ဖြင့် ထုတ်ပြန်ကြေညာရမည်။ ယင်း ကြေညာချက်ကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြနိုင်ရန်ဆောင်ရွက်ရမည်။

၈၅။ ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင် အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသည်

Myanmar Law Information System (MLIS)

ကော်မရှင်ကညွှန်ကြားသည့်အတိုင်း မှတ်တမ်းတစ်စောင်စီ ကို မဲဆန္ဒနယ်အလိုက်ပြုစု၍ ကော်မရှင်သို့ အစီရင်ခံရမည်။

<ပြင်ဆင် 25.06.2015>

၈၆။ (က) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မြို့နယ်၏ရွေးကောက်ပွဲမှတ်တမ်းအား သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးထံသို့ပေးပို့ပြီး မိတ္တူတစ်စောင်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးထံသို့ ပေးပို့ရမည်။

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲသို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသည် မိမိတို့လက်ခံရရှိသော မဲစာရင်းများအပါအဝင် ရွေးကောက်ပွဲမှတ်တမ်းများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်း ကုန်ကျစရိတ်စာရင်းများ၊ အခြားစာရွက်တမ်းများကို ရွေးကောက်ပွဲပြီးသည့်နေ့မှစ၍ နောက်တစ်ကြိမ် အထွေထွေရွေးကောက်ပွဲ ပြုလုပ်ပြီးစီးသည်အထိ မပျောက်မပျက်စေရန် ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရမည်။

<ပြင်ဆင် 25.06.2015, 03.10.2019>

## အခန်း (၁၄)

## ရွေးကောက်ပွဲကန့်ကွက်လွှာ တင်သွင်းခြင်း

၈၇။ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၈ (က) ပါ ပုဂ္ဂိုလ်တစ်ဦးဦးက ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ကန့်ကွက်လိုလျှင်ဖြစ်စေ၊ ယင်းမဲဆန္ဒနယ်အတွက် ကျင်းပခဲ့သော ရွေးကောက်ပွဲသည် တရားမျှတမှုမရှိကြောင်း အကြောင်းပြ၍ ကန့်ကွက်လိုလျှင်ဖြစ်စေ ထိုမဲဆန္ဒနယ်မှ ရွေးကောက်တင်မြှောက်ခံရသူ လွှတ်တော်ကိုယ်စားလှယ်၏အမည်ကို နည်းဥပဒေ ၇၂ (က) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက ကြေညာသည့်နေ့မှစ၍ ၄၅ ရက်အတွင်း ကော်မရှင်သို့ ကိုယ်တိုင်သော်လည်းကောင်း၊ စာဖြင့်အခွင့်အာဏာလွှဲအပ်ထားသော ကိုယ်စားလှယ်က သော်လည်းကောင်း ကန့်ကွက်လွှာ တင်သွင်းနိုင်သည်။

<ပြင်ဆင် 05.01.2012, 28.07.2014>

၈၈။ (က) ကန့်ကွက်သူသည် ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ ယင်းရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကို ဖော်ပြပြီး ကော်မရှင် သို့ သတ်မှတ်ထားသည့်အတိုင်း ကန့်ကွက်လွှာတင်သွင်းနိုင်သည်။

(ခ) ကန့်ကွက်သူသည် ကန့်ကွက်လွှာတွင် မိမိ၏အထောက်အထားအဖြစ် တင်ပြလိုသော အရေးကြီး သည့် အချက်များကို အကျဉ်းချုပ်ဖော်ပြရမည်။ လိုအပ်လျှင် ကန့်ကွက်ချက်များကို စာပိုဒ်များခွဲ၍ အမှတ်စဉ်ရေးထိုးရမည်။ ကန့်ကွက်လွှာတွင် တရားမကျင့်ထုံးဥပဒေအရ အဆိုအချေများဟုတ်မှန် ကြောင်း ဝန်ခံရန်ပြဋ္ဌာန်းထားသော နည်းလမ်းအတိုင်း ကန့်ကွက်ချက်များဟုတ်မှန်ကြောင်း ကန့်ကွက် သူက ဝန်ခံလက်မှတ်ရေးထိုးရမည်။

Myanmar Law Information System (MLIS)

(ဂ) ကန့်ကွက်သူသည် မိမိစွပ်စွဲလိုသော တရားမဲ့ပြုကျင့်မှုနှင့်ပတ်သက်သည့် အချက်အလက်များ၊ တရားမဲ့ပြုကျင့်မှုကျူးလွန်သူများ၏ အမည်များ၊ တရားမဲ့ပြုကျင့်မှုအသီးသီးကို ကျူးလွန်သော နေ့ရက်နှင့် နေရာများကို ဖော်ပြသော စာရင်းတစ်စောင်ကို ကန့်ကွက်လွှာနှင့်အတူ ပူးတွဲတင်သွင်းရမည်။ ယင်းစာရင်းတွင်လည်း နည်းဥပဒေခွဲ (ခ)၌ ဖော်ပြခဲ့သည့်အတိုင်း မှန်ကန်ကြောင်းဝန်ခံလက်မှတ် ရေးထိုးရမည်။

(ဃ) ကော်မရှင်သည် အဆိုပါကန့်ကွက်လွှာရရှိသည့်အခါလိုအပ်သလို စစ်ဆေးပြီး အစီရင်ခံစာ တင်ပြစေရန် ရွေးကောက်ပွဲခုံအဖွဲ့ကို ဖွဲ့စည်းပေးရမည်။

၈၉။ ကန့်ကွက်သူက မိမိသာလျှင်ရွေးကောက်တင်မြှောက်ခံရသူဖြစ်သည်ဟု ကြေညာပေးစေလိုကြောင်း တောင်းဆိုလျှင် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၈ (ခ)ပါ အကြောင်းပြချက်အပေါ်မူတည်၍ ရွေးကောက်ပွဲ တွင် ပါဝင်ရွေးကောက်တင်မြှောက်ခံသူများအနက်မှ ၎င်းကကန့်ကွက်လိုသူများကို ကန့်ကွက်လွှာ၌ ထည့်သွင်းနိုင်သည်။

၉၀။ ကန့်ကွက်လွှာတင်သွင်းသူတိုင်းသည် မိမိ၏ကန့်ကွက်လွှာနှင့်အတူနိုင်ငံတော်က ကုန်ကျမည့် အမှုစရိတ်အတွက် ငွေကျပ်ငါးသိန်း ကိုကော်မရှင်ကသတ်မှတ်ပေးသည့် ငွေစာရင်းခေါင်းစဉ်သို့ ပေးသွင်းရ မည်။ ကန့်ကွက်လွှာတစ်စောင်၌ ကန့်ကွက်သူတစ်ဦးထက် ပို၍ပါရှိလျှင် ကန့်ကွက်သူတစ်ဦးချင်းအလိုက်ငွေကျပ် ငါးသိန်းစီပေးသွင်းရမည်။ အဆိုပါပေးသွင်းထားသော အမှုစရိတ်များကို မည်သည့် အကြောင်းကြောင့်မျှ ပြန်လည်ထုတ်ယူခွင့် မရှိစေရ။

<ပြင်ဆင် 28.07.2014>

၉၁။ နည်းဥပဒေ ၉၀ ၌ သတ်မှတ်ထားသော အမှုစရိတ်အတွက် ငွေပေးသွင်းပြီးကြောင်း အထောက် အထားကို ကန့်ကွက်လွှာနှင့် တစ်ပါတည်းမတင်သွင်းလျှင် ယင်းကန့်ကွက်လွှာကို အရေးယူခြင်းမပြုရ။

၉၂။ ကော်မရှင်သည် နည်းဥပဒေ ၈၇ အရ နည်းလမ်းတကျ တင်သွင်းသော ကန့်ကွက်လွှာကို ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၉ (က) အရ ဖွဲ့စည်းသော ရွေးကောက်ပွဲခုံအဖွဲ့သို့ လွှဲအပ်ပေးရမည်။

၉၃။ ရွေးကောက်ပွဲခုံအဖွဲ့သည် ကန့်ကွက်လွှာမိတ္တူတစ်စောင်စီကို ကန့်ကွက်ခံရသူ အသီးသီးထံသို့ ဆောလျင်စွာပေးပို့စေ၍ ယင်းကန့်ကွက်လွှာမိတ္တူကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာစေရ မည်။ ထို့ပြင်ယင်းကန့်ကွက်လွှာမိတ္တူတစ်စောင်ကို ခုံရုံးရှိအများမြင်သာသော ကြော်ငြာသင်ပုန်းတွင် ကပ်ထားရမည်။ ထိုသို့ကြော်ငြာစာကပ်ထားပြီးနောက် ၁၅ရက်အတွင်း ကန့်ကွက်ခံရသူတစ်ဦးဦးကဖြစ် စေ၊ ကန့်ကွက်ပိုင်ခွင့်ရှိသော မဲဆန္ဒရှင်တစ်ဦးဦးက ကန့်ကွက်ခံရသူအဖြစ်ပါဝင်၍ဖြစ်စေ ရွေးကောက်မှု ဆိုင်ရာ အခွင့်အရေးတစ်ရပ်ရပ်ကို တင်ပြတောင်းခံလိုပါက နိုင်ငံတော်က ကုန်ကျမည့် အမှုစရိတ်အတွက် ငွေကျပ်ငါးသိန်းကို ကော်မရှင်က သတ်မှတ်ပေးသည့် ငွေစာရင်းခေါင်းစဉ်သို့ပေးသွင်းပြီး ယင်းအခွင့် အရေးကိုတောင်းခံခွင့် ရရှိစေရမည့်အပြင် ယင်းအခွင့်အရေးနှင့်စပ်လျဉ်း၍ သက်သေအထောက်အထား လည်းတင်ပြခွင့်ရှိသည်။

Myanmar Law Information System (MLIS)

<ပြင်ဆင် 28.07.2014>

၉၄။ ရွေးကောက်ပွဲခုံအဖွဲ့သည် ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ တရားမကျင့်ထုံး ဥပဒေအရ တရားမမှုများကို စစ်ဆေးရာတွင် လိုက်နာရသည့် ကျင့်ထုံးနှင့်အညီ ကန့်ကွက်လွှာကို စစ်ဆေးရမည်။

၉၅။ ရွေးကောက်ပွဲခုံအဖွဲ့သည် စုံစမ်းစစ်ဆေးသောလုပ်ငန်း တစ်စိတ်တစ်ဒေသအတွက်လိုအပ်ပါက ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း အခြားဒေသတွင်လည်း ရုံးထိုင်စစ်ဆေးနိုင်သည်။ ထို့အပြင် ခုံရုံးသို့ လာရောက်ရန် အခက်အခဲရှိသည့် သက်သေတစ်ဦးဦးကို စစ်ဆေးရန်လိုအပ်လျှင် ရွေးကောက်ပွဲခုံအဖွဲ့ ဝင်တစ်ဦးဦးကို ကိုယ်စားလှယ်အဖြစ်ဖြင့် စေလွှတ်၍ဖြစ်စေ၊ တရားမကျင့်ထုံး ဥပဒေ အမိန့် ၂၆ ပါ ပြဋ္ဌာန်းချက်များအရ ကော်မရှင် ခန့်ထား၍ဖြစ်စေ စစ်ဆေးစေနိုင်သည်။

၉၆။ (က) ကန့်ကွက်လွှာကို ရုပ်သိမ်းလိုကြောင်း လျှောက်ထားလျှင် ကော်မရှင်ကခွင့်ပြုမှသာ ရုပ်သိမ်း ရမည်။ သို့ရာတွင်ရွေးကောက်ပွဲခုံ အဖွဲ့ဖွဲ့စည်းပြီးပါက ရွေးကောက်ပွဲခုံအဖွဲ့က ခွင့်ပြုလျှင် ရုပ်သိမ်းနိုင် သည်။

(ခ) ကန့်ကွက်လွှာတစ်စောင်၌ ကန့်ကွက်သူတစ်ဦးထက်ပို၍ပါရှိလျှင် ကန့်ကွက်သူအားလုံး၏ သဘော တူညီချက်ကို ရမှသာ ထိုကန့်ကွက်လွှာကို ရုပ်သိမ်းရမည်။

(ဂ) ကန့်ကွက်လွှာကို ရုပ်သိမ်းလိုကြောင်း ရွေးကောက်ပွဲခုံအဖွဲ့သို့ လျှောက်ထားသောအခါ ခုံအဖွဲ့က ကြားနာရန်နေ့ရက်သတ်မှတ်ပေးရမည်။ ထိုသို့ချိန်းဆိုသောနေ့ရက်ကို ကန့်ကွက်လွှာပါ အမှုသည် အားလုံးထံသို့ အကြောင်းကြားရမည်။ ထိုအကြောင်းကြားစာကို ခုံရုံးရှိအများမြင်သာသော ကြော်ငြာ သင်ပုန်းတွင် ကပ်ထားရမည်။

(ဃ) ကန့်ကွက်လွှာကို ရုပ်သိမ်းလိုခြင်းသည် မရိုးမဖြောင့်သော သဘောဖြင့် အပေးအယူပြုလုပ် စေ့စပ် ခြင်းဖြစ်သည်ဟုလည်းကောင်း၊ မလျော်သြဇာသုံးခြင်းကြောင့်ဖြစ်ရသည်ဟုလည်းကောင်း ရွေးကောက် ပွဲခုံအဖွဲ့ သို့မဟုတ်ကော်မရှင်ကတွေ့ရှိ၍ ကန့်ကွက်လွှာကို ရုပ်သိမ်းခွင့်မပြုသင့်ဟု ယူဆပါက ရုပ်သိမ်း ခွင့်မပြုရ။

(င) ကန့်ကွက်လွှာကို ရုပ်သိမ်းခွင့်ပြုခဲ့သော်-

(၁) ကော်မရှင် သို့မဟုတ် ရွေးကောက်ပွဲခုံအဖွဲ့သည် ကန့်ကွက်ခံရသူကုန်ကျသော အမှုစရိတ် သို့မဟုတ် သင့်လျော်သည်ဟု ထင်မြင်သော ကန့်ကွက်ခံရသူ ကုန်ကျသည့် အမှုစရိတ်ကို ကန့်ကွက်သူက ကန့်ကွက် ခံရသူအားပေးရန် အမိန့်ချမှတ်ရမည်။

(၂) ကော်မရှင်သည် ကန့်ကွက်လွှာရုပ်သိမ်းခွင့်ပြုကြောင်း အမိန့်ကြော်ငြာစာထုတ်ပြန်၍ နိုင်ငံတော် ပြန်တမ်း၌ ထည့်သွင်းဖော်ပြနိုင်ရန် ဆောင်ရွက်ရမည်။

(၃) ထိုအမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ၁၅ ရက်အတွင်း နည်းဥပဒေ ၈၇ ပါ ပုဂ္ဂိုလ် တစ်ဦးဦးသည် ကန့်ကွက်လွှာရုပ်သိမ်းသွားသူအစား မိမိကိုထည့်သွင်းပေးရန် လျှောက်ထားနိုင်သည်။ ကုန်ကျသော အမှုစရိတ်အတွက် ငွေပေးသွင်းခြင်းနှင့်စပ်လျဉ်း၍ နည်းဥပဒေ၉၀၌ ပြဋ္ဌာန်းထားသည့် အတိုင်း လိုက်နာလျှင် ထိုသူသည် ကန့်ကွက်သူအဖြစ်

Myanmar Law Information System (MLIS)

အစားထည့်သွင်းခံခွင့် ရရှိမည့်အပြင် ရွေးကောက် ပွဲခုံအဖွဲ့က သင့်လျော်သည်ဟု ထင်မြင်သော စည်းကမ်းချက်များအရ ဆက်လက်တရားဆိုင်နိုင်ခွင့်ကို လည်း ရရှိရမည်။

၉၇။ (က) ကန့်ကွက်လွှာတစ်စောင်တွင် ကန့်ကွက်လွှာတင်သွင်းသူ တစ်ဦးတည်းသာရှိလျှင် ထိုသူကွယ်လွန်မှသာ သို့မဟုတ် ကန့်ကွက်သူတစ်ဦးထက်ပို၍ ပါရှိလျှင် ထိုကန့်ကွက်သူအားလုံး ကွယ်လွန်မှသာ ယင်းကန့်ကွက်လွှာရပ်စဲရမည်။ ယင်းသို့ရပ်စဲကြောင်း ကော်မရှင်ကအများသိစေရန် ထုတ်ပြန်ကြေညာရမည်။ ထိုကြေညာချက်ကို နိုင်ငံတော်ပြန်တမ်း၌ ထည့်သွင်းဖော်ပြနိုင်ရန် ဆောင်ရွက် ရမည်။

(ခ) ကန့်ကွက်လွှာရပ်စဲကြောင်း ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ၁၅ ရက်အတွင်း နည်းဥပဒေ ၈၇ ပါပုဂ္ဂိုလ်တစ်ဦးဦးသည် ကန့်ကွက်သူအဖြစ်မိမိကို အစားထည့်သွင်းစေရန် လျှောက်ထားနိုင်သည်။ ကုန်ကျသော အမှုစရိတ်ငွေပေးသွင်းခြင်းနှင့်စပ်လျဉ်း၍ နည်းဥပဒေ ၉၀ ၌ ပြဋ္ဌာန်းထားသည့်အတိုင်း လိုက်နာလျှင် ထိုသူသည် ကန့်ကွက်သူအဖြစ် အစားထည့်သွင်းနိုင်ခွင့်ရရှိမည့်အပြင် ရွေးကောက်ပွဲခုံအဖွဲ့ က သင့်လျော်သည်ဟု ထင်မြင်သော စည်းကမ်းချက်များအရ ဆက်လက်တရားဆိုင်နိုင်ခွင့်ကိုလည်း ရရှိရမည်။

၉၈။ (က) ကန့်ကွက်သူက မိမိသာ ရွေးကောက်တင်မြှောက်ခံရသူ ဖြစ်သည်ဟု ကြေညာပေးရန် တောင်းဆိုသည့်ကိစ္စတွင် ကန့်ကွက်လွှာကို စစ်ဆေး၍ မပြီးသေးမီ ကန့်ကွက်ခံရသူ ကွယ်လွန်ခဲ့လျှင်လည်း ကောင်း၊ ကန့်ကွက်ခံရသူ ကွယ်လွန်ခဲ့လျှင်လည်းကောင်း၊ ကန့်ကွက်ခံရသူက ကန့်ကွက်လွှာကို မချေပ လိုကြောင်း အကြောင်းကြားစာ ပေးခဲ့လျှင်လည်းကောင်း၊ ကန့်ကွက်ခံရသူက ဆင့်ခေါ်စာကို လက်ခံ ရရှိသော်လည်းကောင်း ချိန်းဆိုသော နေ့ရက်တွင် ခိုင်လုံသော အကြောင်းမရှိဘဲ ခုံအဖွဲ့၏ ရှေ့မှောက်သို့ လာရောက်ရန် ပျက်ကွက်လျှင်လည်းကောင်း ရွေးကောက်ပွဲခုံအဖွဲ့သည် ကန့်ကွက်ခံရသူက ကွယ်လွန် ကြောင်း၊ ကန့်ကွက်ခံရသူက မချေပလိုကြောင်း သို့မဟုတ် ကန့်ကွက်ခံရသူက ချိန်းဆိုသော နေ့ရက်တွင် ခိုင်လုံသောအကြောင်းမရှိဘဲ ခုံအဖွဲ့၏ ရှေ့မှောက်သို့ လာရောက်ရန် ပျက်ကွက်ကြောင်း ပါရှိသည့် အမိန့် ကြော်ငြာစာကို အများသိစေရန် ထုတ်ပြန်ကြေညာရမည်။ ထိုကြေညာချက်ကို နိုင်ငံတော်ပြန်တမ်း၌ ထည့်သွင်းဖော်ပြနိုင်ရန် ကော်မရှင်သို့ ပေးပို့ရမည်။ ထိုသို့ကြေညာသည့်နေ့မှစ၍ ၁၅ ရက်အတွင်းတွင် နည်း ဥပဒေ၈၇ ပါ အခြားပုဂ္ဂိုလ်တစ်ဦးဦးသည် ကန့်ကွက်လွှာကို ချေပရန် ကန့်ကွက်ခံရသူ အစား မိ မိကိုထည့်သွင်းစေလိုကြောင်း လျှောက်ထားနိုင်သည်။ ထိုသူသည် ကုန်ကျသော အမှုစရိတ်အတွက် ငွေပေးသွင်းခြင်းနှင့် စပ်လျဉ်း၍ နည်းဥပဒေ ၉၀၌ ပြဋ္ဌာန်းထားသည့်အတိုင်း လိုက်နာလျှင် ကန့်ကွက်ခံ ရသူအဖြစ် အစားထည့်သွင်းခံခွင့် ရရှိမည့်အပြင် ရွေးကောက်ပွဲခုံအဖွဲ့က သင့်လျော်သည်ဟု ထင်မြင် သော စည်းကမ်းချက်များအရ ဆက်လက်တရားရင်ဆိုင်နိုင်ခွင့်ကို ရရှိရမည်။

(ခ) နည်းဥပဒေခွဲ (က) ပါ   သတ်မှတ်ထားသည့်ရက် ကုန်ဆုံးသည့်နေ့အထိ ကန့်ကွက်ခံရသူအဖြစ် အစားထည့်သွင်းစေလိုကြောင်း လျှောက်ထားသူမရှိလျှင် ရွေးကောက်ပွဲခုံအဖွဲ့သည်

Myanmar Law Information System (MLIS)

ကန့်ကွက်သူအား ရွေးကောက်တင်မြှောက်ခံရသူအဖြစ် ကြေညာပေးရမည်။ ထိုကြေညာချက်ကို အတည်ပြုနိုင်ရန်နှင့် နိုင်ငံတော်ပြန်တမ်း၌ ထည့်သွင်းဖော်ပြနိုင်ရန် ကော်မရှင်သို့ပေးပို့ရမည်။

၉၉။ ကန့်ကွက်သူကလည်းကောင်း၊ ကန့်ကွက်ခံရသူကလည်းကောင်း ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကိုမကျေနပ်၍ ကော်မရှင်သို့ အယူခံမှုတင်သွင်းလိုလျှင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အယူခံမှုတင်သွင်းရန်အတွက် နိုင်ငံတော်ကကုန်ကျမည့် အမှုစရိတ် ငွေကျပ် ငါးသိန်းကိုကော်မရှင်ကသတ်မှတ်ပေးသော ငွေစာရင်းခေါင်းစဉ်သို့ ပေးသွင်းရမည်။

(ခ) ယင်းသို့ အမှုစရိတ် ငွေကျပ် ငါးသိန်းပေးသွင်းပြီးကြောင်းချလန်မူရင်းတင်ပြ၍ ခုံအဖွဲ့၏ဆုံးဖြတ်ချက် မိတ္တူကိုကော်မရှင်ရုံးမှထုတ်ယူနိုင်သည်။

(ဂ) အယူခံမှုလျှောက်လွှာကို ငွေပေးသွင်းပြီးကြောင်းချလန်မူရင်း၊ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်မိတ္တူတို့နှင့် အတူ ရွေးကောက်ပွဲခုံအဖွဲ့ကဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ၁၅ ရက်အတွင်း ကော်မရှင်သို့ တင်သွင်းရ မည်။ ယင်းကာလစည်းကမ်းသတ်ကို တွက်ချက်ရာတွင် ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်မိတ္တူကို ရယူရန် ကြာမြင့်သည့်ကာလကို ထည့်သွင်းရေတွက်ခြင်း မပြုရ။

<ပြင်ဆင် 05.01.2012, 28.07.2014>

၁၀၀။ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုကို ရွေးကောက်ပွဲခုံအဖွဲ့ကကြားနာစစ်ဆေးနေစဉ် အတွင်းခုံအဖွဲ့က ချမှတ်သည့်အမိန့်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ကန့်ကွက်သူကလည်းကောင်း၊ ကန့်ကွက်ခံရသူက လည်းကောင်းဥပဒေကြောင်းအရ မှားယွင်းကြောင်း၊ ယင်းအမိန့်မှာ ဥပဒေရေးရာပြဿနာပေါ်ပေါက် ကြောင်း အကြောင်းပြလျက်ကော်မရှင်သို့ ပြင်ဆင်မှုတင်သွင်းလိုလျှင် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) ပြင်ဆင်မှုတင်သွင်းရန်အတွက် နိုင်ငံတော်က ကုန်ကျမည့် အမှုစရိတ်ငွေကျပ်သုံးသိန်းကို ကော်မရှင်က သတ်မှတ်ပေးသော ငွေစာရင်းခေါင်းစဉ်သို့ ပေးသွင်းရမည်။

(ခ) ယင်းသို့ အမှုစရိတ်ငွေကျပ်သုံးသိန်း ပေးသွင်းပြီးကြောင်း ချလန်မူရင်းတင်ပြ၍ ခုံအဖွဲ့၏အမိန့် မိတ္တူကို ကော်မရှင်ရုံးမှ ထုတ်ယူနိုင်သည်။

(ဂ) ပြင်ဆင်မှုလျှောက်လွှာကိုငွေပေးသွင်းပြီးကြောင်းချလန်မူရင်း၊ခုံအဖွဲ့၏အမိန့်မိတ္တူတို့နှင့်အတူရွေးကောက်ပွဲခုံအဖွဲ့ကအမိန့်ချမှတ်သည့်နေ့မှ သုံးရက်အတွင်း ကော်မရှင်သို့ တင်သွင်းရမည်။ ယင်းကာလ စည်းကမ်းသတ်ကို တွက်ချက်ရာတွင် ရွေးကောက်ပွဲခုံအဖွဲ့၏အမိန့်မိတ္တူကို ရယူရန် ကြာမြင့်သည့်ကာလ ကို ထည့်သွင်းရေတွက်ခြင်းမပြုရ။

<ပြင်ဆင် 05.01.2012>

၁၀၁။ ကော်မရှင်ဥက္ကဋ္ဌနှင့်ကော်မရှင်အဖွဲ့ဝင်အားလုံးပါဝင်သည့်စုံညီခုံရုံးသည်နည်းဥပဒေ ၉၉အရ တင်သွင်းသည့်အယူခံမှုကိုကြားနာစစ်ဆေးရာတွင် ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေ ဘဲ တရားမကျင့်ထုံးဥပဒေအရ အယူခံမှုများကို ကြားနာစစ်ဆေးရာတွင် လိုက်နာရသည့် ကျင့်ထုံးနှင့် အညီ ကြားနာ စစ်ဆေးရမည်။

Myanmar Law Information System (MLIS)

<ပြင်ဆင် 05.01.2012>

၁၀၂။ ကော်မရှင်သည်နည်းဥပဒေ ၁၀၀အရ တင်သွင်းသည့် ပြင်ဆင်မှုကို ကြားနာစစ်ဆေးရာတွင်-

(က) ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ တရားမပြင်ဆင်မှုများကို စစ်ဆေးရာတွင် လိုက်နာရသည့် ကျင့်ထုံးနှင့်အညီ ကြားနာစစ်ဆေးရမည်။

(ခ) ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်အားလုံးပါဝင်သည့်စုံညီခုံရုံးဖြင့်ဖြစ်စေ သို့မဟုတ် ကော်မရှင်ဥက္ကဋ္ဌနှင့်ကော်မရှင်အဖွဲ့ဝင်နှစ်ဦးပါဝင်သည့် ခုံရုံးဖြင့်ဖြစ်စေ ရုံးထိုင်စစ်ဆေးနိုင်သည်။ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နှစ်ဦးပါဝင်သည့်ခုံရုံးဖြင့်စစ်ဆေးပါက မူလခုံအဖွဲ့တွင်ပါဝင်သည့် ကော်မရှင်အဖွဲ့ဝင်များ မပါဝင်စေရ။

<ပြင်ဆင် 05.01.2012>

၁၀၃။ ကော်မရှင်သည် လိုအပ်သော စစ်ဆေးမှုများ ပြုလုပ်ပြီးနောက် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊

(ခ) ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်ခြင်း။

၁၀၃-က။ ကန့်ကွက်သူကဖြစ်စေ၊ ကန့်ကွက်ခံရသူကဖြစ်စေ ခုံအဖွဲ့ကသော်လည်းကောင်း၊ ကော်မရှင်ကသော်လည်းကောင်း ချမှတ်သည့် တရား စရိတ်ငွေကို ပေးဆောင်ရန် ပျက်ကွက်ပါကသက်ဆိုင်ရာ ခုံအဖွဲ့သည်တရားမကျင့်ထုံးဥပဒေတွင်ပြဋ္ဌာန်းထားသည့်ဒီကရီမှုအတည်ပြုခြင်းဆိုင်ရာ ကျင့်ထုံးများနှင့် အညီ ဆောင်ရွက်ရမည်။

<ပြင်ဆင် 05.01.2012>

၁၀၃-ခ။ ရွေးကောက်ပွဲခုံအဖွဲ့၏ဆုံးဖြတ်ချက်ကို ပုဒ်မ ၇၄၊ ပုဒ်မခွဲ (ခ) အရလည်းကောင်း၊ ကော်မရှင်၏ဆုံးဖြတ်ချက်ကိုပုဒ်မ ၇၅၊ ပုဒ်မခွဲ (ခ) အရလည်းကောင်း နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာပြီးဖြစ်၍ နည်းဥပဒေ ၉၉ နှင့် ၁၀၀ တို့တွင်ခွင့်ပြုထားသည်မှတစ်ပါးယင်းသို့ ဆုံးဖြတ်ချက်ချမှတ်ပြီးသည့်အမှုတွဲများ၏ မိတ္တူကိုကူးယူခွင့်ပြုရန် ကော်မရှင်ရုံးတွင် တာဝန်မရှိစေရ။

<ပြင်ဆင် 05.01.2012>

## အခန်း (၁၅)

## အထွေထွေ

၁၀၄။ ဤနည်းဥပဒေများအရ ဆောင်ရွက်ရန် နောက်ဆုံးနေ့ရက်အဖြစ် သတ်မှတ်သောနေ့ရက်သည် အများပြည်သူရုံးပိတ်ရက်ဖြစ်ပါက ရုံးပြန်ဖွင့်သည့်နေ့တွင် ယင်းကိစ္စကို နောက်ဆုံးနေ့ရက်အဖြစ် ဆောင်ရွက်ခွင့်ရှိသည်။

၁၀၅။ ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်ပါ သင်္ကေတများသည် ကော်မရှင်က အတည်ပြုပေးသည့်အတိုင်းဖြစ်သည်။

၁၀၆။ ကော်မရှင်သည်-

Myanmar Law Information System (MLIS)

(က) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို ညှိနှိုင်းဖြေရှင်းရန်နှင့် ရွေးကောက်ပွဲကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် အငြင်းပွားမှုများကို ဖြေရှင်းနိုင်ရန် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် စေ့စပ်ညှိနှိုင်းရေးကော်မတီများကို ရွေးကောက်ပွဲတွင် ပါဝင်သက်ဆိုင်သူများနှင့် ညှိနှိုင်း၍ လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

(ခ) ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေအရ ကျင်းပပြီးစီးခဲ့သော အထွေထွေရွေးကောက်ပွဲကျင်းပပြီးစီးမှု အခြေအနေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ရွေးကောက်ပွဲကျင်းပပြီးသည့်နေ့မှ ၄၅ ရက်အတွင်း အစီရင်ခံစာ ထုတ်ပြန်ကြေညာရမည်။

<ပြင်ဆင် 28.07.2014, 03.10.2019>

(ပုံ) သိန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

Myanmar Law Information System (MLIS)